မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၂ရက်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင် ၁၃ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၈၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဇူလိုင် ၁၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် မစ္စတာလီခချန်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် ယနေ့နံနက် ၁၀နာရီ ၃၅မိနစ်တွင် အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ Mr. Wang Zhonying နှင့်တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် မစ္စတာလီခချန်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ၂၀၁၀ခုနှစ် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲတက်ရောက်အားပေး

နေပြည်တော် ဇူလိုင် ၁၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၁၀ခုနှစ် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်သည်။ *စာမျက်နှာ ၉ ကော်လံ ၃* ■

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇူလိုင် ၁၃ ရက်)

မြန်မာ–လာအို ချစ်ကြည်ရင်းနှီးမှု၊ ငြိမ်းချမ်းတည်ငြိမ်မှု ပိုမိုတိုးတက်ခိုင်မြဲ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့၏ သံတမန်ဆက်သွယ်မှုသည် ဇူလိုင်လ ၁၂ရက်နေ့က (၅၅)နှစ်မြောက် ပြည့်ခဲ့ပြီဖြစ်သည်။

မြန်မာ–လာအိုတို့သည် အိမ်နီးချင်းနိုင်ငံများအဖြစ် တည်ရှိလျက်ရှိပြီး နှစ်နိုင်ငံအကြား ဝိသေသ ထူးခြားသည့်ဆက်ဆံရေးကို နှစ်နိုင်ငံပြည်သူများအကြားရှိ တူညီသော ဘာသာရေး၊ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းတို့ကို အခြေခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ နှစ်နိုင်ငံအကြား တန်းတူ ရည်တူရှိမှု၊ အပြန်အလှန်လေးစားယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် စိတ်ရင်းစေတနာအမှန်ဖြင့် ပူးပေါင်းဆောင်ရွက်မှုတို့ကိုအခြေခံ၍ နှစ်နိုင်ငံခေါင်းဆောင်များက ဖော်ဆောင်နိုင်ခဲ့သည်။

နှစ်နိုင်ငံအကြား တည်ရှိသည့် အိမ်နီးချင်းကောင်းပီသမှု၊ ကောင်းမွန်သည့် ထုံးတမ်းစဉ်လာ ဆက်ဆံရေးနှင့် နှစ်နိုင်ငံအပြန်အလှန် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးတို့သည် ပိုမိုခိုင်မာနေသည်။ နှစ်နိုင်ငံပြည်သူများအတွက် ခိုင်မာသည့် အကျိုးအမြတ်များစွာကို ဖော်ဆောင်ပေးနိုင်ခဲ့ပေသည်။

နှစ်နိုင်ငံခေါင်းဆောင်များ၏ ချစ်ကြည်ရေးခရီးစဉ်များသည် မြန်မာနှင့်လာအိုနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုတိုးတက် ခိုင်မာစေခဲ့သည်။ ယနေ့အချိန်အခါတွင် အာဆီယံဒေသတွင်းနှင့် ဒေသခွဲအတွင်း၊ ပူးပေါင်းဆောင်ရွက်မှုဘောင်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုနီးကပ်မှုရှိစေရန် ပံ့ပိုးပေးလျက်ရှိပေသည်။

လွန်ခဲ့သည့် (၅၅)နှစ်တာကာလအတွင်း မြန်မာနှင့်လာအိုတို့၏ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက်သာမက ဒေသတွင်းနှင့် ကမ္ဘာကြီးဖွံ့ဖြိုးတိုးတက်စေရန်အတွက်ပါ ငြိမ်းချမ်းတည်ငြိမ်မှုကို အထောက်အကူဖြစ်စေခဲ့သည်။ နှစ်နိုင်ငံအကြား အစဉ်အလာကောင်းမွန်သည့် ဆက်ဆံရေးသည်လည်း ပိုမိုခိုင်မာစေခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံအကြား နှစ်နိုင်ငံခေါင်းဆောင်များ၏ ချစ်ကြည်ရေးခရီးစဉ်များ၊ အိမ်နီးချင်းကောင်းပီသစွာ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးများ၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများသည် မြန်မာ–လာအို ချစ်ကြည်ရင်းနှီးမှု၊ ငြိမ်းချမ်းတည်ငြိမ်မှုတို့ကို ပိုမိုတိုးတက် ခိုင်မြဲနေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထဲရေးဝန်ကြီး ဦးမောင်ဦးအား ထိုင်းနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၂

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Apirath Vienravi သည် ယမန်နေ့ နံနက် ၁၁နာရီခွဲတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းစိန်၊ ပြည်ထဲရေး ဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Apirath Vienravi လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပန်းတဉ်းတန်းအသင်းမှ ကြီးမှူး၍ လှူဒါန်းနိုင်ရန်အတွက် ဇူလိုင် ၁၀ရက်က ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် တော်ဝင်လမ်းနေ ဦးဝင်း-ဒေါ်သိန်း၊ သားသရုပ်ဆောင် နေမင်းခ(ဝင်းမေတ္တာ)မိသားစုက ငွေသားကျပ် ၁၅၆၀၀၀၀ကို ပဥ္စမအကြိမ်မြောက် ပေးအပ်လှူဒါန်းရာ အသင်းနာယကနှင့် အလုပ်အမှုဆောင်များက လက်ခံယူစဉ်။ (မြန်မာ့အလင်း)

တာမွေမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၁၂

ရန်ကုန်အရှေ့ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ၏ ကြီးကြပ်မှုဖြင့် တာမွေမြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးကျင်းပသော ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ဖွင့်ပွဲကို ဇူလိုင် ၁၀ရက် နံနက် ၈နာရီက တာမွေမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း အားမာန်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်သိန်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ (ယာပုံ)

ဆွေးနွေး

အစီအစဉ်အရ သင်တန်းနည်းပြများက သက်ဆိုင်ရာဘာသာရပ်အလိုက် သင်တန်းပို့ချခြင်း၊ မဲရုံနှင့် ပတ်သက်၍ သရုပ်ပြခြင်းနှင့် သင်တန်းသားများသိရှိလိုသည်များကို ပြန်လည်ဆွေးနွေးကာ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားသည်။

(၁၇၁)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၇-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ မေတ္တာသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **သောကကင်းဝေးနေနိုင်ရေး** တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၄၅)
- ၈:၃၀ Sports World (Player's Live)
- ၈:၅၅ ပဲခူးတိုင်းအတွင်း မိုးစပါးစိုက်ပျိုးမှုအတွက် IBTC မှ
- ၉:၁၀ Activities in the City -BDA နှင့် ASEAN တို့ ပူးပေါင်းသည့် ကွမ်းခြံကုန်းမြို့ ASEAN Project -MOE Z ၏ **ဒီနေ့နဲ့ မနက်ဖြန်** တေးစီးရီးမိတ်ဆက်ပွဲ
- ၉:၅၀ Cartoon Show Time (DELGO)
- ၁၀:၃၀ မြင်ကွင်းထဲမှ ရိုက်ချက်များ
- ၁၀:၄၀ သင်ကြားရေးလမ်းညွှန် (Millennia Aikido Dojo)
- ၁၁:၀၀ ဘေးကင်းရန်ကျော် မြတ်စေတီတော် ဌာပနာပိတ်ပွဲမင်္ဂလာ
- ၁၁:၁၅ Sports Diary
- ၁၁:၄၀ UV Protected Fiber Glass သံလိုက်ခြင်ဆန်ခါ
- ၁၁:၅၅ ရန်ကုန်မြင်ကွင်းကျယ် (Agel ထုတ်ကုန်နှင့် အခွင့်အလမ်း မိတ်ဆက်ပွဲ)
- ၁၂:၀၀ မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေး ဥယျာဉ်မှာ ပန်းလှရောင်စုံဖြာ
- ၁၂:၂၀ ကလေးများအတွက် ပါးစပ်ထဲမှ သွားကလေးများအကြောင်း သိကောင်းစရာ (ဒေါက်တာမိုလာ)
- ၁၂:၄၀ မြန်မာ့လေ့လှော်အားကစား
- ၁၂:၅၅ **မင်းမသိသေးပါဘူးကွာ** ဧရာ၊ ငှက်ပျောကြော်ကြူကြူသင်း၊ အေးအေးခိုင် (ဒါရိုက်တာ- ဆွေဇင်ထိုက်)
- ၁:၀၀ **သောကကင်းဝေးနေနိုင်ရေး** တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Zaw Win Htut Emperor 25th Anniversary Live Show (Part-2)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၄၅)
- ၄:၀၅ ပဲခူးတိုင်းအတွင်း မိုးစပါးစိုက်ပျိုးမှုအတွက် IBTC မှ
- ၄:၃၅ Activities in the City -BDA နှင့် ASEAN တို့ ပူးပေါင်းသည့် ကွမ်းခြံကုန်းမြို့ ASEAN Project -MOE Z ၏ **ဒီနေ့နဲ့ မနက်ဖြန်** တေးစီးရီးမိတ်ဆက်ပွဲ
- ၅:၁၅ မြင်ကွင်းထဲမှ ရိုက်ချက်များ
- ၅:၃၀ ရန်ကုန်မြင်ကွင်းကျယ် (ထိုင်းနိုင်ငံ ပီရာဝေ့ဆေးရုံကြီး၏ မြန်မာပြည်ကိုယ်စားလှယ်ရုံးခွဲ ဖွင့်ပွဲ)
- ၅:၄၅ Celebrity Style (ဆုပန်ထွာ)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ သင်ကြားရေးလမ်းညွှန် (Millennia Aikido Dojo)
- ၆:၃၅ ရန်ကုန်မြင်ကွင်းကျယ် (Agel ထုတ်ကုန်နှင့် အခွင့်အလမ်း မိတ်ဆက်ပွဲ)
- ၆:၄၅ မြန်မာ့လှေလှော်အားကစား
- ၇:၀၀ Zaw Win Htut Emperor 25th Anniversary Live Show (Part-2)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ World of Knowledge (Inside: Sumo Kids)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၄၅)
- ၁၀:၀၀ Sunday Talk
- ၁၀:၅၀ Cartoon Show Time (DELGO)
- ၁၁:၃၀ Celebrity Style (ဆုပန်ထွာ)
- ၁၁:၄၅ ဘေးကင်းရန်ကျော် မြတ်စေတီတော် ဌာပနာပိတ်ပွဲမင်္ဂလာ
- ၁၂:၀၀ ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင်
- ၁၂:၁၅ မြန်မာစာသုံးဖို့ မြန်မာယူနီကုဒ် ပရိုဂရမ်များ
- ၁၂:၃၀ ဓလေ့ရိုးရာရှမ်းရွာကလေးများ
- ၁၂:၄၀ ကဏ္ဍာစုံလင် အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ရှိရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

✳ ရှေ့ဖုံးမှ

ပြန်လည်လိုက်ပါ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသည့် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေနှင့် ဌာနဆိုင်ရာအကြီးအကဲများလည်း ပြန်လည်လိုက်ပါခဲ့ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား ပေကျင်းမြို့ ဘူတာကြီး၌ တာဝန်ရှိသူများက ပေကျင်းဘူတာရုံ ပုံစံဒီဇိုင်းများကို ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

❍ ကျောဖုံးမှ

တက်ရောက်

အတွင်းရေးမှူး(၁)နှင့် ကိုယ်စားလှယ်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယ ဝန်ကြီးချုပ် မစ္စတာ လီခချန်က ကျုံးနန်ဟိုင်ခန်းမမှ ကြိုဆိုနှုတ်ဆက်သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်အတူ အမျိုးသား စီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဒုတိယ ဝန်ကြီးများဖြစ်ကြသော ဦးအေးမြင့်၊ ဦးမောင်မြင့်နှင့် ဦးလှသိန်းဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ လီခချန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆွေတန်းခိုင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

အသိပေးပြောကြား

ထို့နောက် အတွင်းရေးမှူး(၁)နှင့် ဒုတိယဝန်ကြီးချုပ်တို့သည် အပြန်အလှန် နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး နှစ်နိုင်ငံခေါင်းဆောင်ကြီးများအချင်းချင်း အပြန်အလှန် နှုတ်ခွန်းဆက်သမှုများကိုလည်း အသိပေးပြောကြားကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအဖွဲ့ရုံး ကျုံးနန်ဟိုင် ဧည့်ဂေဟာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်း ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် မစ္စတာလီခချန်က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပူးပေါင်းဆောင်ရွက်

ထို့အပြင် နှစ်နိုင်ငံခေါင်းဆောင်ကြီးများ ချစ်ကြည်ရေးခရီးများ အပြန်အလှန် သွားရောက်ခဲ့ကြစဉ်က ချုပ်ဆိုခဲ့ကြသော စာချုပ်ပါလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ဆောင်ရွက်ရန် ကျန်ရှိနေသေးသည့် ကိစ္စရပ်များအတွက် ဆက်လက်ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရေး၊ ထပ်မံဆောင်ရွက်ကြမည့် နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ သံတမန်ထူထောင်ခဲ့သည့် နှစ်ပေါင်း (၆၀) အတွင်း နှစ်နိုင်ငံ ခေါင်းဆောင်ကြီးများ၏ ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ရလဒ်များ၊ နှစ်နိုင်ငံစီးပွားရေး၊ လူမှုရေး အပါအဝင် ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများသည် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု အဆင့်သစ်သို့ ရောက်ရှိနေမှုအခြေအနေများကို ဆွေးနွေးကြသည်။

ဆက်လက်၍ နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ရေအားလျှပ်စစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကိစ္စများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို အမြင်ချင်းဖလှယ်ကြသည်။

အထောက်အကူပြု

ထို့အပြင် နိုင်ငံတကာ မျက်နှာစာတွင် အပြန်အလှန်ရပ်တည် အထောက်အကူ ပြုမှုများနှင့် အနာဂတ်ကာလတွင် နှစ်နိုင်ငံ အကျိုးစီးပွား ဖြစ်ထွန်းလာစေရေးအတွက် ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးခဲ့ကြပြီး ညနေ၅နာရီ ၁၅မိနစ်တွင် ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အတွင်းရေးမှူး (၁) နှင့် အဖွဲ့သည် ခေတ္တတည်းခိုသည့် ကျောက်ယူထိုင် နိုင်ငံတော် ဧည့်ဂေဟာသို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။ **(သတင်းစဉ်)**

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး

အဆင့်မြင့် မြန်နှုန်းမြင့်ရထားဖြင့် တီယန်ကျင်းမြို့၌ လေ့လာခဲ့

နေပြည်တော် ဇူလိုင် ၁၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင်၅ရက် ညနေ၃နာရီ ၁၅မိနစ်တွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးသို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။ (အောက်ပုံ)

လေ့လာ

ထို့အတူ အတွင်းရေးမှူး(၁)နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပေကျင်းမြို့ မီးရထားဘူတာရုံကြီးသို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး အဆင့်မြင့် မြန်နှုန်းမြင့် ရထားဖြင့် တီယန်ကျင်းမြို့သို့ စီးနင်းလိုက်ပါ လေ့လာခဲ့ကြသည်။

အတွင်းရေးမှူး(၁)နှင့် ချစ်ကြည်ရေး အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပို လိုက်ပါလျက် ဇူလိုင် ၆ရက် ညနေ ၅နာရီ ၄၅မိနစ်တွင် ပေကျင်းမြို့တောင်ဘက် ဘူတာကြီးသို့ ရောက်ရှိကြရာ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာလျိုကျစ်ကျွင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။



ကြိုဆို

အတွင်းရေးမှူး(၁)နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပြည်သူ့ခန်းမဆောင်ကြီး(Great Hall)သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ပြည်သူ့ခန်းမဆောင်ကြီး အတွင်းရှိ ခေါင်းဆောင်ကြီး မော်စီတုံး ဇာတိနယ်မြေဖြစ်သည့် ဟူနန်(HUNAN) ပြည်နယ်ခန်းမ၊ Great Hall အတွင်းရှိ ခန်းမဆောင်များကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား အစည်းအဝေးခန်းမဆောင်ကြီး၌ ပြည်သူ့ခန်းမဆောင် သုတေသနဌာနမှ ဒုတိယဉက္ကဋ္ဌမစ္စတာကော်ကျူးရင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ကွန်ဂရက်၏ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က သိရှိလိုသည်များကို ပြန်လည်ဆွေးနွေး မေးမြန်းခဲ့သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေ ၄နာရီတွင် ပြည်သူ့ခန်းမဆောင်ကြီးမှ ပြန်လည်ထွက်ခွာသွားကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ပေကျင်းဘူတာရုံ ပုံစံရေးဆွဲသည့် ပညာရှင် မစ္စတာ Zhen Jian တို့က ပေကျင်းဘူတာရုံပုံစံ ဒီဇိုင်းများဖြင့် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပေကျင်းမြို့မှ တီယန်ကျင်းမြို့သို့ အဆင့်မြင့် မြန်နှုန်းမြင့် ရထားဖြင့် သွားရောက်ခဲ့ကြကာ တီယန်ကျင်းမြို့ ဘူတာရုံကို ကြည့်ရှုလေ့လာကြပြီး အဆိုပါရထားဖြင့် ပေကျင်းမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အမှတ်(၁၂) တည်းခိုဆောင် ဧည့်ခန်းမဆောင်၌ **China National Petroleum Corp. (CNPC)** မှ အထွေထွေမန်နေဂျာ မစ္စတာ ကျန့်ကျီမြင်နှင့် ကိုယ်စားလှယ်များ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသော တရုတ်နိုင်ငံမှ ကုမ္ပဏီများက လာရောက်တွေ့ဆုံ ဂါရဝပြု

နေပြည်တော် ဇူလိုင် ၁၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား ဇူလိုင် ၅ရက်တွင် ကျောက်ယူထိုင်နိုင်ငံတော်ဧည့်ဂေဟာ အမှတ် (၁၂) တည်းခိုဆောင်ဧည့်ခန်းမဆောင်၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကုမ္ပဏီများက လာရောက်တွေ့ဆုံ ဂါရဝပြုကြသည်။

ရှေးဦးစွာ နံနက် ၉နာရီတွင် China Development Bank မှ ဒုတိယဥက္ကဋ္ဌ မစ္စတာကောင်းကျန်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များက လာရောက်တွေ့ဆုံ ဂါရဝပြုကြသည်။ ယင်းတို့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုလည်း တက်ရောက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမောင်မြင့်နှင့် ဦးလှသိန်းဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးနေအေးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ တွေ့ဆုံပွဲတွင် နှစ်နိုင်ငံအကျိုးတူစီးပွားရေး ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် နံနက် ၁၀နာရီ ၁၀မိနစ်တွင် China National Aero- Technology Import & Export Corp. (CATIC) ဥက္ကဋ္ဌ မစ္စတာမာကျေးဖျင်နှင့် ကိုယ်စားလှယ်အဖွဲ့များက လာရောက်တွေ့ဆုံ ဂါရဝပြုကြသည်။ ယင်းတို့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုလည်း တက်ရောက်သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် လေကြောင်းပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့အတူ နံနက် ၁၁နာရီတွင် China Power Investment Co., Ltd.(CPI) ဥက္ကဋ္ဌမစ္စတာလုချီကျိုးနှင့် ကိုယ်စားလှယ်များက လာရောက်တွေ့ဆုံ ဂါရဝပြုကြသည်။ ယင်းတို့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုလည်း တက်ရောက်သည်။ အဆိုပါတွေ့ဆုံပွဲတွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်လျက်ရှိသော ရေအားလျှပ်စစ်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံဂါရဝပြု

အလားတူ မွန်းလွဲ ၂နာရီ ၁၅မိနစ်တွင် China National Petroleum Corp. (CNPC) မှ အထွေထွေမန်နေဂျာ မစ္စတာ ကျန့်ကျီမြင်နှင့် ကိုယ်စားလှယ်များက လာရောက်တွေ့ဆုံ ဂါရဝပြုကြသည်။ ယင်းတို့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုလည်း တက်ရောက်သည်။ အဆိုပါတွေ့ဆုံပွဲတွင် နှစ်နိုင်ငံစွမ်းအင်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းတွေ့ဆုံ ဂါရဝပြုပွဲများသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား ဇူလိုင် ၆ရက် မွန်းလွဲ ၂နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ The Export- Import Bank of China (EXIM) ဥက္ကဋ္ဌ မစ္စတာလီရော့ကူနှင့် ကိုယ်စားလှယ်အဖွဲ့က လာရောက်တွေ့ဆုံ ဂါရဝပြုကြသည်။ ယင်းတို့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုလည်း တက်ရောက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးအေးမြင့်၊ ဦးမောင်မြင့်နှင့် ဦးလှသိန်းဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးနေအေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကျိုးတူ စီးပွားရေးပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အမှတ်(၁၂) တည်းခိုဆောင် ဧည့်ခန်းမဆောင်၌ **China National Aero-Technology Import & Export Corp. (CATIC)** မှ ဥက္ကဋ္ဌ မစ္စတာ မာကျေးဖျင်နှင့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား ကျောက်ယူထိုင်နိုင်ငံတော် ဧည့်ဂေဟာ အမှတ်(၁၂) တည်းခိုဆောင် ဧည့်ခန်းမဆောင်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ The Export - Import Bank of China (EXIM) ဥက္ကဋ္ဌ လီရော့ကူနှင့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အမှတ် (၁၂) တည်းခိုဆောင် ဧည့်ခန်းမဆောင်၌ China Development Bank မှ ဒုတိယဥက္ကဋ္ဌ မစ္စတာကောင်းကျန်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

13-7 (04).pmd 1 7/13/2010, 2:00 AM

လာရောက်တွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ လီရှန်လင်နှင့်အဖွဲ့ ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားပို့ဆောင်ရေး၊ စီးပွားရေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးများ လာရောက်တွေ့ဆုံ

နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး၊ စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးတို့သည် ဇူလိုင်၄ရက်နှင့် ၆ရက်တို့တွင် အသီးသီးလာရောက်တွေ့ဆုံကြသည်။

တွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လျိုကျစ်ကျွင်းသည် ဇူလိုင်၄ရက် ည ၇နာရီ ၁၅မိနစ်တွင် ခေတ္တတည်းခိုသည့် ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာရှိ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာလျိုကျစ်ကျွင်းနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံ၏ ရထားပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရထားပို့ဆောင်ရေးကဏ္ဍတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့အတူ အတွင်းရေးမှူး(၁)သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ချန်ဒေမျင်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဇူလိုင်၆ ရက် နံနက် ၈နာရီတွင် အလုပ်သဘော နံနက်စာ သုံးဆောင်စဉ် နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးကြသည်။ အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လီရှန်လင်နှင့် အဖွဲ့သည် ဇူလိုင် ၆ရက် မွန်းတည့် ၁၂နာရီတွင် အတွင်းရေးမှူး(၁)အား လာရောက် တွေ့ဆုံပြီး နှစ်နိုင်ငံ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲများသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဒုတိယဝန်ကြီးများဖြစ်ကြသောဦးမောင်မြင့်နှင့် ဦးလှသိန်းဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဧည့်ဂေဟာ ဧည့်ခန်းမ၌ တွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လျိုကျစ်ကျွင်း ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ချန်ဒေမျင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး

ချစ်ကြည်ရေးခရီးလည်ပတ်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ရောက်ရှိ

နေပြည်တော် ဇူလိုင် ၁၂

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် မစ္စတာလီခဲချန်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးအေးမြင့်၊ ဦးမောင်မြင့်နှင့် ဦးလှသိန်းဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၄ရက်တွင် ရန်ကုန်မြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၅နာရီ မိနစ် ၅၀တွင် ရောက်ရှိသည်။

ကြိုဆို

အတွင်းရေးမှူး(၁)နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပို၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် မြန်မာနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ မိသားစုများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ညနေ ၆နာရီ မိနစ် ၂၀တွင် ခေတ္တတည်းခိုမည့် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို

အမြဲတမ်းကော်မတီအဖွဲ့ဝင် မစ္စတာလီချန်ချွင်းနှင့် တွေ့ဆုံဆွေးနွေး

နှစ်နိုင်ငံဆက်ဆံရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ အမြင်ချင်းဖလှယ်

နေပြည်တော် ဇူလိုင် ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ဇူလိုင် ၅ရက် ညနေ ဖနာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် မစ္စတာလီချန်ချွင်းနှင့် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာအတွင်းရှိ ဝမ်လျှိုထန်းခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ အတွင်းရေးမှူး(၁)နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးမြင့်နှင့် ဦးမောင်မြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့အတူ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီ အဖွဲ့ဝင် မစ္စတာလီချန်ချွင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လီကျင်းကျောက်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံခေါင်းဆောင်ကြီးများ ချစ်ကြည်ရေးခရီးများ အပြန်အလှန် သွားရောက်လည်ပတ်ခဲ့ကြပြီး နှစ်နိုင်ငံခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားစွာဖြင့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုစိတ်ဓာတ်ကို ခိုင်မြဲတိုးတက်စေရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၌ စွမ်းအင်ကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ရေအားလျှပ်စစ်ကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ စသည့်ကဏ္ဍစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု၊ နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု ထူထောင်ခဲ့ကြသည့် နှစ်ပေါင်း(၆၀)အတွင်း နှစ်နိုင်ငံဆက်ဆံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဂုဏ်ပြု

ဆွေးနွေးပွဲအပြီးတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် မစ္စတာလီချန်ချွင်းက အတွင်းရေးမှူး(၁)နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဝမ်လျှိုထန်းခန်းမဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် မစ္စတာလီချန်ချွင်း ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် မစ္စတာလီချန်ချွင်းတို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာအတွင်းရှိ ဝမ်လျှို ထန်းခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးဝန်ထမ်းမိသားစုများအား တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ဇူလိုင် ၅ရက် ညပိုင်းတွင် ပေကျင်းမြို့ရှိ ပြည်ထောင်စု မြန်မာနိုင်ငံသံရုံးသို့ သွားရောက်၍ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှဝန်ထမ်းများ၊ မိသားစုများနှင့် ပညာတော်သင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်း၊ မြန်မာနိုင်ငံသံအမတ်ကြီး၊ သံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများ၊ ပညာတော်သင်များ တက်ရောက်ကြသည်။

မှာကြား

တွေ့ဆုံပွဲတွင် အတွင်းရေးမှူး(၁)က မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင်ကြီးများ အပြန်အလှန် အလည်အပတ်သွားရောက်ခဲ့ကြပြီး နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်မှုအခြေအနေ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေ၊ သံတမန်ဝန်ထမ်းများအနေဖြင့် သံတမန်ကျင့်ဝတ်စည်းကမ်းများ လေးစားလိုက်နာရေး၊ မိမိတို့ရောက်ရှိ တာဝန် ထမ်းဆောင်နေသည့် နိုင်ငံ၏ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများထိန်းသိမ်းလိုက်နာရေး၊ နှစ်နိုင်ငံအကျိုးစီးပွား ဖြစ်ထွန်းရေးနှင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေးတို့အတွက် အမြဲ အလေးထားဆောင်ရွက်ရေး၊ ပြည်ပရောက် မိမိနိုင်ငံသားများအား ကူညီစောင့်ရှောက် ပေးရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် မှာကြားခဲ့သည်။

(သတင်းစဉ်)

မှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ပြည်ထောင်စု မြန်မာနိုင်ငံသံရုံး၌ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှဝန်ထမ်းများ၊ မိသားစုများနှင့် ပညာတော်သင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အဖွဲ့

ဗုဒ္ဓစွယ်တော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် ဇူလိုင် ၁၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို လိုက်ပါလျက် ဇူလိုင် ၆ရက် နံနက် ၉နာရီ ၄၅မိနစ်တွင် ပေကျင်းမြို့ **BA DA CHU** ဥယျာဉ်ရှိ ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်စံပယ်တော်မူသည့် **Ling Guang Si Buddhist Temple** သို့ ရောက်ရှိကြရာ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် တရုတ်ဗုဒ္ဓဘာသာအသင်းမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား တရုတ်ဗုဒ္ဓဘာသာ အသင်းသား အသင်းသူများက ဂုဏ်ပြုဧည့်ကြို ဓမ္မတေးသံသာများဖြင့် တီးမှုတ်ကြိုဆိုကြသည်။

ဖူးမြော်

ယင်းနောက် အတွင်းရေးမှူး (၁)နှင့် အဖွဲ့ဝင်များသည် ဆရာတော်ချန်ဇန့် အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကန်တော့ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ပေကျင်းမြို့ **BA DA CHU** ဥယျာဉ်ရှိ ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်စံပယ်တော်မူသည့် ဂန္ဓကုဋိတိုက်၌ ဗုဒ္ဓစွယ်တော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး စွယ်တော်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ **BA DA CHU** ဥယျာဉ်ရှိ ဗုဒ္ဓစွယ်တော်မြတ်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ဆက်လက်၍ အတွင်းရေးမှူး (၁)နှင့် အဖွဲ့ဝင်များသည် စွယ်တော်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ထို့နောက် ကျောင်းထိုင်ဆရာတော်ကြီးက အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ဓမ္မလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အတွင်းရေးမှူး (၁)နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်စံပယ်တော်မူသည့် ဂန္ဓကုဋိတိုက်သို့ ရောက်ရှိကြပြီး ဗုဒ္ဓစွယ်တော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ပြန်လည်ထွက်ခွာ

ထို့နောက် အတွင်းရေးမှူး (၁)နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံမှ လှူဒါန်းထားသည့် ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြပြီး နံနက် ၁၀နာရီ ၂၅မိနစ်တွင် ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ စွယ်တော်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော်ချန်ဇန့် အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကန်တော့ကြစဉ်။ (သတင်းစဉ်)

ဇူလိုင် ၅ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အမှတ်(၁၂) တည်းခိုဆောင် ဧည့်ခန်းမဆောင်၌ **China Power Investment Co., Ltd (CPI)** ဥက္ကဋ္ဌ မစ္စတာလုချီကျိုးနှင့် ကိုယ်စားလှယ်များ လာရောက်တွေ့ဆုံစဉ်။ (သတင်း-၄) (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃-၇-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၀၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၁၀ ၈။ အတီးပြိုင်ပွဲ
၈:၂၅ ၉။ တေးဂီတအစီအစဉ်
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ Local Talent
၈:၅၀ ၁၂။ အိမ်တွင်းပုန်းများမကြည့်ရ

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၅ ၃။ အကပြိုင်ပွဲ
၄:၄၀ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရသစာပေအရေးအသား အထူးပြု) (ရသစာပေအရေးအသား)
၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၅ ၇။ ကြေးမုံရိပ်သွင် တေးနှယ်ဉ်
၅:၂၀ ၈။ ကလေးများအတွက် အကောင်းဆုံး
၅:၄၅ ၉။ ရင်မှာစွဲထင်တေးအလှသံစဉ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၃၅ ၁၃။ ဆိုလိုက်ကြစို့
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၃၅)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ အထိမခံရွှေနိုင်ငံ (တေးရေး/ဆို) ပေါက်စ(Drum)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (ဒုတိယတွဲ) (အပိုင်း-၉)
၂၀။ ရုပ်ရှင်ပဟေဠိ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် စစ်ကိုင်းတိုင်းအတွင်းရှိ လမ်း၊ တံတားနှင့် မြစ်ရေတင်စီမံကိန်းများ ကြည့်ရှု

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ နေပြည်တော်-မန္တလေးလမ်းပိုင်း လှည့်လည်စစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပုသိမ်-မုံရွာလမ်း(စစ်ကိုင်းတိုင်းအပိုင်း)အား ကတ္တရာလမ်းအဆင့် တိုးမြှင့်ခင်းခြင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၂

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ဇူလိုင် ၁၁ရက် နံနက်ပိုင်းက မော်တော်ယာဉ်များဖြင့် မုံရွာမြို့မှ ထွက်ခွာလာရာ မုံရွာမြို့အနီးရှိ ပုသိမ်-မုံရွာလမ်းမကြီးသို့ ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပုသိမ်-မုံရွာလမ်း (စစ်ကိုင်းတိုင်းအပိုင်း) မိုင်တိုင် (၄၂၄/၅)မှ (၄၅၀/၅)အထိ ၂၆မိုင်အား ကတ္တရာလမ်းအဆင့် တိုးမြှင့်ခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စီမံဆောင်ရွက်ပေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပုသိမ်-မုံရွာလမ်းမကြီးပေါ်ရှိ ဆားလင်းကြီးမြို့နယ်နှင့် ယင်းမာပင်မြို့နယ်တို့ကို ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် မြောက်ယမားချောင်း တံတားတည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ရောက်ရှိ၍ တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းစီမံဆောင်ရွက်ပေးသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောက်လုပ်သည့် မြောက်ယမားချောင်းတံတားသည် တံတားအရှည်ပေ ၁၂၈၀၊ ယာဉ်သွားလမ်းအကျယ် ၁၀ပေ၊ တံတားအမျိုးအစား ဘိုးပိုင်အုတ်မြစ် သံကူကွန်ကရစ် D/S ဘေလီ ခုနစ်ခန်း၊ S/S ဘေလီ ၁၂ခန်းပါ သစ်သားကြမ်းခင်းအမျိုးအစားဖြစ်ပြီး ခွင့်ပြုယာဉ်အလေးချိန် ၁၃တန်ဖြစ်သည်။

ပစ္စုပ္ပန် အနာဂတ်အကျိုး ရွှေအိုးမြှုပ်နှံခြင်း

* ‘သစ်တောနှင့်သစ်ပင်	ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက်	ရွှေတိုက်ကိုစိုး’
ဆိုရိုးစကား	စဉ်လေးစားပါ
ဒို့များမြန်မာ	ဒို့မြန်မာတို့
သေချာကေန်	သယံဇာတ
မုချမှန်ပေ	မြေရေတောတောင်
ထုံးနှောင်ဖြစ်တည်	ရာသီဥတု
အစုစုကို	ဂရုပြုစွ
ထားရှိကြရာ	မဆွရှေ့ဆောင်
တောတောင်ပျက်က	မြေပျက်ရလျက်
ထိုမှဆင့်ကဲ	ရေပျက်မြဲနှင့်
တလွဲဖောက်ပြန်	မမှန်ဥတု
အဆိုးစုကို	ညွှန်းပြုတိကျ
သိနေကြ၍	မူလမှန်သော
သစ်တောအရေး	ထိန်းသိမ်းပေးလို့
မနေးတစ်ဖန်	သစ်ခုတ်ရန်ကြောင့်
ဖန်ဖန်ပြုန်းတီး	မပျက်စီးဖို့
ဆက်ပြီးမသွေ	ရေရှည်ရှုမှု
ပြုစုပျိုးထောင်	ကျိုးဆောင်ရေးပေ
မြေဆီစိုခိုက်	သစ်ပင်စိုက်
ရွှေတိုက်စိုးဖို့	ဆောင်ရွက်စို့။ ။

ဒေါက်တာသန်းဦး

ယင်းနောက် ဝန်ကြီးချုပ်သည် ဆားလင်းကြီးမြို့နယ် ကျောက်မျက်ကျေးရွာအနီး ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန၏ ချင်းတွင်းမြစ်ရေအရင်းအမြစ်ကို အသုံးပြု၍ သောက်သုံးရေဖူလုံရေး၊ ဒေသစိမ်းလန်း စိုပြည်ရေး

ပုသိမ်-မုံရွာလမ်းမကြီးပေါ်ရှိ ဆားလင်းကြီးမြို့နယ်နှင့် ယင်းမာပင်မြို့နယ်တို့ကို ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် မြောက်ယမားချောင်းတံတားကို တွေ့ရစဉ်။

(သတင်းစဉ်)

နှင့် စိုက်ပျိုးရေပေးဝေရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည့် ညောင်ပင်ကြီး လျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ရောက်ရှိသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ထွန်းဝင်းက စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် ရေသောက်ဧရိယာအတွင်း နှစ်အလိုက် စိုက်ပျိုးသီးနှံများ၏ အခြေအနေများကို ရှင်းလင်းတင်ပြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်မှုလယ်ယာဦးစီးဌာနက ပြသထားသည့် လယ်ယာ (၂၂) ထွန်စက်၊ ကောက်စိုက်စက်၊ စပါးရိတ်စက်နှင့် တမန်းလှေတို့ကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ပြသထားသည့် စပါးမျိုးနမူနာများ၊ ပိုးသတ်ဆေး၊ အပင်အားဆေးနှင့် မှိုသတ်ဆေး နမူနာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် မြောင်းမကြီးပေါ်ရှိ ရှုရပ်မှ မြောင်းမကြီးနှင့် လက်တံမြောင်းတို့ဖြင့် လယ်ယာမြေများသို့ ရေဖြန့်ဝေပေးမှု၊ ရေသောက်ဧရိယာအတွင်း လယ်များ၌ မိုးစပါး ထွန်ယက်စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပျော့ရွာလျှပ်စစ်မြစ်ရေတင်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မုံရွာမြို့မှ ထွက်ခွာလာပြီး မြင်းမူမြို့နယ် ပျော့ကျေးရွာအနီး ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန၏ မူးမြစ်ရေအရင်းအမြစ်ကို အသုံးပြု၍ ဆောင်ရွက်လျက်ရှိသော ပျော့ရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ညွှန်က
ဝင်းက စီမံကိန်းတည်နေရာ၊ ရေသောက်ဧရိယာမျ
သီးနှံစိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင

မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က လျှပ်စ
စပ်လျဉ်း၍ စီမံကိန်းဧရိယာအတွင်းရှိ ယာမြေမျ
အချိန်တွင် ရေပေးနိုင်ရေး စီမံဆောင်ရွက်ပေးရန်၊
ကောင်းမွန်နေရေး အမြဲမပြတ်စစ်ဆေးပြုပြင် ၀
တာဝန်ရှိသူများအား မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးချုပ်သည် ဧ
ရောက်ရှိပြီး တံတားကြံ့ခိုင်မှုအခြေအနေများကို
ဦးခင်မောင်မြင့်က ဧရာဝတီတံတား(ရတနာပုံ) မန္တ
တိုးချဲ့ချဉ်းကပ်တံတား တည်ဆောက်မှုအခြေအနေ
ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က လို
ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်
ယာဉ်များဖြင့် ဆက်လက် ထွက်ခွာခဲ့ရာ ရန်ကုန်
ဖောက်လုပ်ရေးစီမံကိန်း နေပြည်တော်-မန္တလေး
(၃၂၅/၁)ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏
ရောက်ရှိကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိ
က နေပြည်တော်-မန္တလေးလမ်းပိုင်း၌ ပြည်သူ့
တာဝန်ယူဖောက်လုပ်သည့် ကူကွဲ-ပြင်စည်-စကာ
အပိုင်းအား ကွန်ကရစ်လမ်း ဖောက်လုပ်နေမှုအခြေ
ပြီး ဝန်ကြီး ဦးခင်မောင်မြင့်က ဖြည့်စွက်ရှင်း
ဆက်လက်၍ ဝန်ကြီးချုပ်သည် မော်တေ
အမြန်လမ်းမကြီး နေပြည်တော်-မန္တလေးလမ်းပို
မိုင်တိုင်အမှတ်(၂၄၂/၄)အနီးရှိ စစ်အင်ဂျင်နီယ
ရင်ခတ်ကုန်း ရှင်းလင်းဆောင်သို့ ရောက်ရှိသည်

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံ
သော ဒုတိယဗိုလ်မှူးကြီးစိုးစည်နှင့် ဒုတိယဗိုလ်မှူ
နီယာ ညွှန်ကြားရေးမှူးရုံးက တာဝန်ယူဖောက်လုပ်
ကူကွဲရွာအပိုင်း ၈၃ မိုင်အား ကွန်ကရစ်လမ်း ဖော
ရှင်းလင်းတင်ပြကြသည်။

သရက်သီးဇုန်

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်သည် ရန်ကုန်-
မိုင်တိုင်အမှတ် (၂၂၅)အနီး မြန်မာ့စိုက်ပျိုးရေးလုပ်
သီးဇုန် အကောင်အထည်ဖော်ရေး ရှင်းလင်းဆေ
ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်
ဦးဌေးဦးက စိုက်တစ်လုံးသရက်ဇုန် ဆောင်ရွက်မည့်
ရန် သင့်လျော်ကြောင်း မြေစမ်းသပ်ရရှိမှု အခြေ
သည်သာမက လျှိုပိတ်ဆည်များ ဆောင်ရွက်ခြင်
အနေ၊ သရက်ကြိုက်နှစ်သက်သော ပတ်ဝန်းကျင်
စနစ်၊ အသီးခံယူခြင်း၊ အသီးပြုစုခြင်းနှင့် အသီးဆ
ဆောင်ရွက်ရမည့် အခြေအနေများနှင့်စပ်လျဉ်း၍

နည်းပညာများကူညီဆောင်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်
မြေပြုပြင်မှု၊ စိုက်ပျိုးပြီး ထိန်းသိမ်းစောင့်ရှောက်
ကူညီဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှ
ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝ
အမြန်လမ်းမကြီးအတိုင်း မော်တော်ယာဉ်များဖြင့်
နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထက(၁)ဒဂုံ၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၂

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အခမ်းအနားကို ဇူလိုင် ၁၁ရက် နံနက် ၈နာရီက အဆိုပါကျောင်းရှိ ဒဂုံသီရိခန်းမ၌ ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်ကိုကိုက အဖွင့်အမှာစကား ပြောကြားပြီး ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွှန့်(တော်ဝင်နှင်းဆီ) **(ယာပုံ)**က ကမ္ဘာမြေကို ကာကွယ်ဖို့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့ ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ထို့နောက် ကျောင်းအုပ်ဆရာကြီး၊ မိဘဆရာအသင်း အမှုဆောင်များနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကံ့ကော်ပင်ကို အမှတ်တရ စုပေါင်းစိုက်ပျိုးကြပြီးနောက် သတ်မှတ်ထားသော နေရာအသီးသီး၌ သစ်ပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

(မြန်မာ့အလင်း)

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူးချုပ် ဦးကြည်ထွဋ်ဝင်းက စီမံကိန်းတည်နေရာ၊ ရေသောက်ဧရိယာများသို့ စိုက်ပျိုးရေပေးဝေမှုနှင့် သီးနှံစိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က လျှပ်စစ်မြစ်ရေတင်စီမံကိန်းများနှင့် စပ်လျဉ်း၍ စီမံကိန်းဧရိယာအတွင်းရှိ ယာမြေများ စိုက်ပျိုးရေ လိုအပ်သည့်အချိန်တွင် ရေပေးနိုင်ရေး စီမံဆောင်ရွက်ပေးရန်၊ ရေပေးမြောင်းများ အစဉ်အမြဲကောင်းမွန်နေရေး အမြဲမပြတ်စစ်ဆေးပြုပြင် ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးချုပ်သည် ဧရာဝတီတံတား(ရတနာပုံ)သို့ ရောက်ရှိပြီး တံတားကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဦးခင်မောင်မြင့်က ဧရာဝတီတံတား(ရတနာပုံ) မန္တလေးဘက်ကမ်း အတက်လမ်းတိုးချဲ့ချဉ်းကပ်တံတား တည်ဆောက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းစီမံဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်း နေပြည်တော်-မန္တလေး လမ်းပိုင်း မိုင်တိုင်အမှတ်(၃၂၅/၁)ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ပြင်စည်ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာ ဦးတင့်ဆန်းက နေပြည်တော်-မန္တလေးလမ်းပိုင်း၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဖောက်လုပ်သည့် ကူကွဲ-ပြင်စည်-စကားအင်းအပိုင်း ၄၈မိုင် ၅ဖာလုံအပိုင်းအား ကွန်ကရစ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီး ဦးခင်မောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် မော်တော်ယာဉ်ဖြင့် ထွက်ခွာခဲ့ပြီး အမြန်လမ်းမကြီး နေပြည်တော်-မန္တလေးလမ်းပိုင်းကို ကြည့်ရှုစစ်ဆေးကာ မိုင်တိုင်အမှတ်(၂၄၂/၄)အနီးရှိ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး၏ ရင်ခတ်ကုန်း ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးစိုးစည်နှင့် ဒုတိယဗိုလ်မှူးကြီးမြင့်ဦးတို့က စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးက တာဝန်ယူဖောက်လုပ်သည့် ပန်းတင်-ပေပင်လေး-ကူကွဲရွာအပိုင်း ၈၃ မိုင်အား ကွန်ကရစ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

သရက်သီးဇုန်

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်သည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၂၂၅)အနီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ နေပြည်တော် သရက်သီးဇုန် အကောင်အထည်ဖော်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက စိန်တစ်လုံးသရက်ဇုန် ဆောင်ရွက်မည့် မြေဧရိယာ၊ သရက်စိုက်ပျိုးရန် သင့်လျော်ကြောင်း မြေစမ်းသပ်ရရှိမှု အခြေအနေ၊ မြေအောက်ရေရရှိနိုင်သည်သာမက လျှိုပိတ်ဆည်များ ဆောင်ရွက်ခြင်းဖြင့် ရေရရှိနိုင်မည့် အခြေအနေ၊ သရက်ကြိုက်နှစ်သက်သော ပတ်ဝန်းကျင်အခြေအနေများ၊ စိုက်ပျိုးမှုစနစ်၊ အသီးခံယူခြင်း၊ အသီးပြုစုခြင်းနှင့် အသီးဆွတ်ခူးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ရမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

နည်းပညာများကူညီဆောင်ရွက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးသူများ မျိုးမှန်ရရှိရေးနှင့် မြေပြုပြင်မှု၊ စိုက်ပျိုးပြီး ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ နည်းပညာများကို ကူညီဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ၂၀၁၀ခုနှစ် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ၏ ပွဲဦးထွက်ပွဲစဉ်အဖြစ် အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

တက်ရောက်

အဆိုပါ စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်နှင့် ကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာန အသီးသီးမှ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အသင်းခေါင်းဆောင်များ၊ နေပြည်တော်ရှိ ဝန်ကြီးဌာန အသီးသီးမှ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ရှိ ဝန်ကြီးဌာန အသီးသီးမှ ပြိုင်ပွဲဝင်အားကစားသမားများသည် ပြိုင်ပွဲကျင်းပမည့် အမှတ်(၁) နေပြည်တော် အားကစားကွင်းအတွင်း နေရာယူကြပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌအား အလေးပြုကြသည်။

အလေးထား

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲသည် စတုတ္ထအကြိမ်အဖြစ် နေပြည်တော်တွင် ကျင်းပသည့် ဘောလုံးပြိုင်ပွဲဖြစ်ပြီး ယခင်နှစ်ပြိုင်ပွဲအတိုင်း ဗဟိုအာဏာပိုင်အဖွဲ့များနှင့် ဝန်ကြီးဌာနစုစုပေါင်းအသင်း ၃၅သင်း ပါဝင်ယှဉ်ပြိုင်ကြသည်ကို တွေ့ရကြောင်း၊ ဤပြိုင်ပွဲသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ရည်ရွယ်ချက် သုံးရပ်ချမှတ်၍ ကျင်းပသည့် ပြိုင်ပွဲဖြစ်ကြောင်း၊ National Fitness အမျိုးသား ကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူဖြစ်စေရေး၊ ဝန်ကြီးဌာန အသီးသီးမှ ဝန်ထမ်းများ အပန်းဖြေမှု ဖြစ်သကဲ့သို့ ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ဖြစ်စေရေး၊ ဝန်ထမ်းများ တက်ကြွရွှင်လန်းစွာဖြင့် မိမိတို့တာဝန်များကို ပိုမိုထမ်းဆောင်နိုင်စေရေး စသည့် ရည်ရွယ်ချက်များပင်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဝန်ထမ်း အားကစားသမားအားလုံး အဆိုပါ ရည်ရွယ်ချက်သုံးရပ် ပြည့်မြောက်အောင်မြင်ရေးအတွက် အလေးထား ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ရောက်ရှိအောင် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာတွင် နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးကိုလည်း အခြားသောကဏ္ဍများနည်းတူ ဦးစားပေး ဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် လူမှုရေးဦးတည်ချက် (၄)ရပ်အနက် **"တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"** ဆိုသည့်ဦးတည်ချက်သည် နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများနှင့် တိုက်ရိုက်ပတ်သက်နေသည့် ဦးတည်ချက်ပင်ဖြစ်ကြောင်း။

ဦးတည်ချက်ချမှတ်

နိုင်ငံတော်အနေဖြင့် အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများကို ရေတို၊ ရေရှည် စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိရာတွင် **"မြန်မာ့အားကစား ကမ္ဘာကို လွှမ်းစေရမည်"** ဆိုသည့် မြင့်မားပြီး တိကျပြတ်သားသည့် ဦးတည်ချက်ကို ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း။

"အားကစားမြှင့်တင် တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်း ဖြစ်သည်"

"အားကစား အောင်မြင်မှုသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေသည်"

"အားကစား တိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာ အဆင့်အတန်းနှင့် အခြေအနေကို ဖော်ပြသည်" ဆိုသည့် အားကစား ခံယူချက်များကိုလည်း ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း။

တိုးတက်မြင့်မား

နိုင်ငံတော်၏ အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေချိန်တွင် ဘောလုံးအားကစားနည်းသည်လည်း တစ်မျိုးသားလုံး စိတ်ဝင်စားဆုံး အားကစားနည်း ဖြစ်သည်နှင့်အညီ မြန်မာ့ဘောလုံးအားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် လူရွေးချယ်ရေးစီမံချက်၊ လေ့ကျင့်ရေးစီမံချက်၊ အောင်နိုင်ရေးစီမံချက်များ ချမှတ်ဆောင်ရွက်နေကြောင်း။

ထို့အတူ လူအများစု ပါဝင်ကစားသည့် လူထုဘောလုံးအားကစားမှ အဆင့်မြင့် ကျွမ်းကျင်သူများ ပါဝင်သည့် ထူးချွန်ဘောလုံးအားကစားအဖြစ် ကူးပြောင်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိရာတွင် မြန်မာနေရှင်နယ်လိဂ် အဆင့်မြင့်ဘောလုံးပြိုင်ပွဲများ ကျင်းပလျက်ရှိသကဲ့သို့ အသက် ၁၉နှစ်အောက်၊ အသက် ၂၃နှစ်အောက်နှင့် ပြည်နယ်၊ တိုင်း ဘောလုံးပြိုင်ပွဲများကိုလည်း စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိကြောင်း၊ ယနေ့ ဘောလုံးပြိုင်ပွဲသည် နေပြည်တော်တွင်ရှိသည့် ဗဟိုအာဏာပိုင်အဖွဲ့များနှင့် ဝန်ကြီးဌာနများမှ လက်ရွေးစင်အသင်းများပါဝင်သည့် ဝန်ထမ်းအဆင့် ဘောလုံးအားကစားပြိုင်ပွဲပင် ဖြစ်ကြောင်း၊ ဤပြိုင်ပွဲတွင် ဘောလုံးအားကစားနည်းကို ဝန်ထမ်းများ စိတ်ပါဝင်စား ကစားလာပြီး ကျန်းမာကြံ့ခိုင်ရေး၊ စိတ်ပျော်ရွှင်ရေး၊ အချင်းချင်း ချစ်ခင်ရင်းနှီးစွာဖြင့် လုပ်ငန်းများ ပိုမိုအောင်မြင်ရေးတို့ကို ဦးတည်ပါကြောင်း၊ ထိုမှတစ်ဆင့် နိုင်ငံတော်က အားထားရမည့် လက်ရွေးစင် အားကစားသမားများကို စိစစ်ရွေးချယ်သွားမည် ဖြစ်ကြောင်း။

ဆုံးဖြတ်ဆောင်ရွက်

ထို့ကြောင့် ဤဦးတည်ချက်ကို ထိန်းသိမ်းရင်း ဝန်ထမ်းများ အချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးဖြင့် ပျော်ရွှင်စွာ ယှဉ်ပြိုင်ကစားသွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း၊ အလားတူ ပြိုင်ပွဲကြီးကြပ်သည့် ဒိုင်လူကြီးများအနေဖြင့်လည်း ဘက်လိုက်မှု ကင်းရှင်းပြီး ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများအတိုင်း တရားမျှတ မှန်ကန်စွာ တိတိကျကျ ဆုံးဖြတ် ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

ဖွင့်လှစ်

နိဂုံးချုပ်အနေဖြင့် ယနေ့ နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားကြမည့် အားကစားသမားအားလုံး အားကစားသမားကောင်းများ၏ အမူအကျင့်နှင့် ပင်ကိုစွမ်းရည်များကို ဖော်ထုတ်ယှဉ်ပြိုင်သွားကြပါ၊ အားကစားသမား အချင်းချင်း ချစ်ခင်ရင်းနှီးစွာဖြင့် အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် အသန့်ရှင်းဆုံး ယှဉ်ပြိုင်ကစားသွားကြပါ၊ ထိုမှတစ်ဆင့် ကျန်းမာကြံ့ခိုင်ပြီး အရည်အသွေး၊ အရည်အချင်း ထက်မြက်မြင့်မားသည့် ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားပြီး ၂၀၁၀ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

ရွတ်ဆို

ယင်းနောက် ပြိုင်ပွဲဝင် အားကစားသမားများသည် အားကစားသစ္စာအဓိဋ္ဌာန် လေးချက်ကို ရွတ်ဆိုကြပြီး ကွင်းအတွင်းမှ စနစ်တကျ ပြန်လည်ထွက်ခွာသွားကြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ပွဲဦးထွက် ပွဲစဉ်အဖြစ် အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

၂၀၁၀ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၃၅သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး နေပြည်တော် အားကစားကွင်း၊ နေပြည်တော် ပျဉ်းမနားပေါင်းလောင်း အားကစားကွင်းနှင့် နေပြည်တော်လယ်ဝေး အားကစားကွင်းတို့၌ အုပ်စုရှစ်အုပ်စုခွဲ၍ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ယှဉ်ပြိုင်ကစား

ပထမအဆင့် အုပ်စုပွဲစဉ်များကို ဇူလိုင် ၁၂ရက်မှ ဩဂုတ် ၇ရက်အထိ၊ ဒုတိယအဆင့် အုပ်စုပွဲစဉ်များကို ဩဂုတ် ၁၁ရက်မှ ၂၆ရက်အထိ၊ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၃၀ရက်မှ စက်တင်ဘာ ၂ရက်အထိ အကြိုဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ ၆ရက်နှင့် ၇ရက်အထိနှင့် တတိယနေရာလုပွဲကို စက်တင်ဘာ ၉ရက်တို့တွင် သတ်မှတ်ထားသော အားကစားကွင်းများ၌ ယှဉ်ပြိုင်ကစားသွားကြမည် ဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲစဉ်ကို စက်တင်ဘာ ၁၀ရက်တွင် နေပြည်တော် အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အနိုင်ရရှိ

ယနေ့ညနေပိုင်းတွင် ပွဲဦးထွက်ပွဲစဉ်အဖြစ် အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဇူလိုင် ၁၃ရက် ညနေ ၄နာရီတွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအသင်းနှင့် သမဝါယမဝန်ကြီးဌာနအသင်းတို့သည် အမှတ်(၁) နေပြည်တော် အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကံ့ကော်ပင်ကို အမှတ်တရ စုပေါင်းစိုက်ပျိုးကြပြီးနောက် သတ်မှတ်ထားသော နေရာအသီးသီး၌ သစ်ပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

(မြန်မာ့အလင်း)

ဇူလိုင် ၁၂ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့ သံတမန်ဆက်သွယ်သည့် (၅၅)နှစ်မြောက် အထိမ်းအမှတ်ညစာစားပွဲ အခမ်းအနားသို့တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်းနှင့်ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Kouily A. SOUPHAKHET ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၂-၇-၂၀၁၀

နေပြည်တော် (ပျဉ်းမနား)မြို့	၂ဒသမ ၈၀လက်မ	သံတွဲမြို့	၄ဒသမ ၆၀လက်မ
နေပြည်တော် (လယ်ဝေး)မြို့	၂ဒသမ ၇၆လက်မ	ကျောက်တော်မြို့	၄ဒသမ ၅၇လက်မ
မောင်တောမြို့	၆ဒသမ ၂၁လက်မ	တောင်ကုတ်မြို့	၄ဒသမ ၃၇လက်မ
မြောက်ဦးမြို့	၅ဒသမ ၀၄လက်မ	ကျောက်ဖြူမြို့	၄ဒသမ ၁၄လက်မ

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့
ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်သစ်ပင်စိုက်ပျိုးပေး

နေပြည်တော် ဇူလိုင် ၁၂

၂၀၁၀-၂၀၁၁ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီက နေပြည်တော် ဇေယျာသီရိမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်အားပေးပြီး အထိမ်းအမှတ် ခရေပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီးတွင် ခရေပင်များကို စိုက်ပျိုးပေးကြသည်။

ကြည့်ရှု

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ အရိပ်ရပင်၊ ပန်းအလှပင်နှင့် သီးနှံပင်ပေါင်း ၁၀၀၀ စုပေါင်းစိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ပျဉ်းမနားရှိ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းနှင့် နေပြည်တော် ဇမ္ဗူသီရိမြို့ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတို့သို့ လှည့်လည်ကြည့်ရှု စစ်ဆေး၍ ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ်သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ကျောင်းနှင့် ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အဖြစ် ဇူလိုင် ၁၁ရက်ကို သတ်မှတ်ထားသဖြင့် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများနှင့် ပညာရေးကောလိပ်များ၌ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၏ ဦးဆောင်မှုတို့ဖြင့် သစ်ပင်ပန်းပင်များစိုက်ပျိုးခြင်း၊ စိုက်ပျိုးပြီးအပင်များ ရှင်သန်ကြီးထွားရေးအတွက် မြေဆွပေါင်းသင်ခြင်းများကို ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ခရေပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ဘဏ်လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ငွေကြေးဈေးကွက်ဆိုင်ရာ သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၂

STI သည် Finance & Banking ဒီပလိုမာနှင့် အောင်လက်မှတ်သင်တန်းကို မကြာမီဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါသင်တန်းတွင် Financial Management, Financial Marketing နှင့် Banking ဆိုင်ရာ ဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်သည်။

ယနေ့ခေတ် နိုင်ငံအသီးသီး၏ စီးပွားရေးသည် Finance နှင့် Banking ပညာရပ်များနှင့် များစွာဆက်စပ်မှုရှိရာ ဘဏ်လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှု၊ Financial market ၏ တည်ဆောက်ပုံနှင့် Finance ၏ အခြေခံ သဘောတရားတို့ကို သင်ကြားမည်ဖြစ်ပြီး ဆင်ခြင်သုံးသပ်ရန် အခြေခံဥပဒေသများကိုလည်း သင်ကြားပေးမည်ဖြစ်သည်။

Financial market တွင် မိမိအဖွဲ့အစည်း၏ Stock ဈေးကောင်းရရန်နှင့် ရင်းနှီးမြှုပ်နှံသူများ၏ တန်ဖိုးတိုးတက်စေရေး ပြုလုပ်ရန်မှာ ယင်းအဖွဲ့အစည်းရှိ မန်နေဂျာများ၏ တာဝန်ဖြစ်သည်။ သို့ဖြစ်ရာ မန်နေဂျာများ တတ်မြောက်ရမည့် Financial Markets, Money & Capital Markets, Securities & Derivatives တို့၏ သဘောတရားနှင့် အသုံးပြုပုံများ၊ Financial Intermediaries များ၊ ဘဏ်စီမံခန့်ခွဲမှုဆိုင်ရာများ(Retail, Wholesale Investment banking)၊ Risk Management နှင့် Internal Control အပြင် ဘဏ်ဥပဒေသ အမျိုးမျိုးတို့ကိုပါ သင်ကြားရမည်ဖြစ်ရာ ယနေ့ခေတ် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများ၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများတွင် လုပ်ကိုင်မည့်သူများအတွက် အထူးသင့်လျော်မည့် သင်တန်းဖြစ်သည်။

စာရင်းသွင်းအပ်နှံ

ယင်းသင်တန်းနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲတစ်ရပ်ကို Grand Plaza Park Royal Hotel ၌ ဇူလိုင်၁၇ရက် ညနေ၃နာရီမှ ၅နာရီအထိ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများသည် အမှတ် ၃၇၇ ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ်သို့လည်းကောင်း၊ အဆောင်(၄) အခန်း(၇) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ်သို့ လည်းကောင်း၊ ဖုန်း-၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၀၄၈၊ ၅၀၇၁၅၁နှင့် ၅၀၇၁၅၂တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်း စာရင်းသွင်းအပ်နှံနိုင်သည်။

(သတင်းစဉ်)

အငယ်တန်းအင်ဂျင်နီယာ (မြို့ပြ)မွမ်းမံသင်တန်းနှင့် အိုးအိမ်စီမံခန့်ခွဲမှု သင်တန်းဆင်း

ရန်ကုန် ဇူလိုင် ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် ဇူလိုင် ၉ရက် နံနက် ၉နာရီက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)၌ ကျင်းပသည့် အငယ်တန်းအင်ဂျင်နီယာ-၄ (မြို့ပြ)မွမ်းမံသင်တန်းနှင့် အိုးအိမ်စီမံခန့်ခွဲမှုသင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာ အရာရှိကြီးများ၊ ဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် သင်တန်းဆရာ ဆရာမများ တက်ရောက်ကြပြီး အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၇ဦး တက်ရောက်၍ သင်တန်းကာလမှာ ရက်သတ္တပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း အငယ်တန်းအင်ဂျင်နီယာ-၄ (မြို့ပြ) မွမ်းမံသင်တန်းနှင့် အိုးအိမ်စီမံခန့်ခွဲမှု သင်တန်းဆင်းပွဲတွင် အမှာစကား ပြောကြားစဉ်။ (ဆောက်လုပ်ရေး)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်-နေ့လယ်-ည)

၁၄-၇-၂၀၁၀

၇:၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း + ကြေညာချက်
၇:၀၅	တရားတော် (အာဠာနာဋိယသုတ်) ဓမ္မပူဇာတေးပဒေသာ
၇:၃၀	(၃၈)ဖြာမင်္ဂလာ
၇:၃၅	နံနက်ခင်းတေးပဒေသာ
၈:၀၀	စံတော်ချိန် + သတင်း ဆောင်းပါး
၈:၁၀	နံနက်ခင်းတေးပဒေသာ
၁၀:၀၀	အမှတ်တရတေးလက်ဆောင်
၁၀:၃၀	သတင်းစာအာဘော်
၁၀:၃၅	တေးပဒေသာ
၁၁:၀၀	နေ့လယ်ခင်းသတင်း
၁၁:၁၀	ထူးဆန်းထွေလာ ဤမြေကမ္ဘာ (၄၈) နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀	ဆိုကြပျော်ရွှင်တေးသံစဉ် တေးပဒေသာ
၁၂:၀၀	စံတော်ချိန် ဂန္ထဝင်ရင်ခုန်သံ (၈)
၁၂:၂၅	ဇာတ်လမ်းပမာနားဆင်စရာ (မဆုံနိုင်သော ဘဝများ)
၁၂:၄၅	တေးပဒေသာ
၁၃:၀၀	မွန်းလွဲပိုင်းသတင်း
၁၃:၁၀	တေးပဒေသာ
၁၃:၃၀	အစီအစဉ်ပြီး၏။
၁၆:၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၃၀	စစ်သည်အတွက် တေးလက်ဆောင်
၁၇:၀၀	ခံတွင်းမြိန်စရာ သူ့လက်ရာ (အသားတုကြော်၊ ပုံးရည်ကြီးသုပ်၊ ပဲပြား၊ ဆူးပုပ်ရွက်ဟင်းချို)
၁၇:၁၀	Current Song
၁၇:၂၅	သတင်းစာဆောင်းပါး
၁၇:၃၀	တေးပဒေသာ
၁၇:၃၅	အင်္ဂလိပ်စာသုတပဒေသာ(၁၅)
၁၈:၀၀	ညနေခင်းသတင်း
၁၈:၁၀	ချစ်ခြင်းဖြေသိမ့် တေးသံငြိမ့်(၅၈)
၁၈:၂၀	ကျေးလက်ဇာတ်လမ်း **တသိမ့်သိမ့်**
၁၈:၃၀	တူယှဉ်သီကြွေးစုံတွဲတေး
၁၉:၀၀	နိုင်ငံတကာသတင်း
၁၉:၀၅	သံစဉ်တေးသွား မေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၁၉:၁၅	အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ဖြူသီ)
၁၉:၄၀	တေးပဒေသာ
၂၀:၀၀	ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
၂၀:၂၀	တေးပဒေသာ
၂၀:၅၀	ကျန်းမာရေးရာသိကောင်းစရာ (သတိပြုသင့်သော သန်ကောင်ရောဂါ) လူမှုရေးဦးတည်ချက်
၂၁:၀၀	ခံစားနားဆင် မြန်မာတေးသံစဉ်
၂၁:၃၀	ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀	အစီအစဉ်ပြီး၏။

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၂

မြန်မာပို့စ်ဂျာနယ်အတွဲ(၂)၊ အမှတ်(၂၆)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Groupမှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေ ဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် မြေတစ်ပေ ပတ်လည်ဈေး ရန်ကုန်မြို့လယ် ကျပ်သုံးသိန်း၊ ရန်ကုန်မြို့ပြင် ကျပ် ၅၀၀၀၊ အဆပေါင်း ၆၀ကွာဟမှုမျိုး မဖြစ်သင့်၊ ထောက်ကြံ့အလွန် ပဲခူးကားလမ်းနှင့် ပြည်ကားလမ်းကြား ပဲခူးအထိနေရာ တစ်လျှောက်သည် ရန်ကုန်မြို့တိုးချဲ့ရန် အကောင်းဆုံးနှင့် အလားအလာ အရှိဆုံးနေရာဖြစ်၊ သီလဝါပတ်ဝန်းကျင်သည် စက်မှုလုပ်ငန်းတိုးချဲ့ရန်ကောင်းမွန်၊ ၂၀၁၀ ကုန်မှစ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ လာကြမည်ဖြစ်သည့်အတွက် နေစရာ၊ ရုံးနေရာ၊ စက်ရုံနေရာတွေ အများကြီးလိုတော့မည် မျက်နှာဖုံးသတင်းဆောင်းပါး၊ ဈေးကွက်စီးပွားရေးတွင် နိုင်ငံတကာပင်လယ်ရေကြောင်း ကုန်သွယ်ရေးအရေးပါ၊ မြန်မာ့ပင်လယ်ရေကြောင်း ကုန်သွယ်ရေး တိုးတက်ကျယ်ပြန့်ရေး ကြိုးပမ်း၊ CIF နှင့် FOB ဘယ်စနစ်နဲ့ပဲပို့ပို့ တင်ပို့ပေးနိုင်ဖို့က အဓိက၊ အာရှနိုင်ငံများ၏ စိုက်ပျိုးရေးလုပ်ငန်းကို ခြိမ်းခြောက်လာသည့် ကြွက်အန္တရာယ် စသည့် ဆောင်းပါးများနှင့် မောင်ဝံသ၊ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ စောရွှေသန်း (အလုံ)၊မောင်ပုဆိုးကြမ်းတို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် ၂၀၁၀ခုနှစ် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မောင်စူးစမ်း၏ ရွေးကောက်ပွဲနှင့် လွှတ်တော်လမ်းပြန်ဖြောင့်ခြင်းလောနှင့် မောင်မောင်စိုး၏ စည်းရုံးလှုပ်ရှားနိုင်ငံရေးပါတီများ ဆောင်းပါးတို့ကို ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နိုင်ငံတကာအားကစား၊ ကမ္ဘာတစ်လွှား ထူးခြားဖြစ်ရပ်များ စသည့်ကဏ္ဍများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ထို့အပြင် မိုးရာသီကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများ ရောင်းချပွဲ ယူရိုငွေသန်း ၇၀၀ကျော်ရရှိ စံချိန်ချိုး၊ ပြည်နယ်နှင့်တိုင်း ၁၄ခုတွင် ဆန်စပါးလုပ်ငန်းအသင်းခွဲများ ဖွဲ့စည်းမည်ဟုဆို၊ ပုဂ္ဂလိက စက်သုံးဆီ အရောင်းဆိုင်ပေါင်း ၂၆၀ရှိပြီ၊ ဒလမြို့နယ်ကျေးရွာ ၂၃ရွာတွင် ဧက ၄၀၀၀၀ကျော် မိုးစပါးစိုက်ပျိုးမှုရာခိုင်နှုန်း ၆၀ပြီးစီး စသည့် စိတ်ဝင်စားဖွယ် သတင်းများပါရှိသည်။

(သတင်းစဉ်)

AFC President's Cup ပြိုင်ပွဲ ပွဲစဉ်မဲနှိုက်
ရတနာပုံအသင်း အကြိုဗိုလ်လုပွဲတွင် F.C ဗာကတ်ရှ်အသင်းနှင့် ယှဉ်ပြိုင်ရမည်

ရန်ကုန် ဇူလိုင် ၁၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၀ AFC President's Cup ဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့်ပွဲစဉ်များ မဲနှိုက်ရေးဆွဲသည့် အခမ်းအနားကို ယမန်နေ့ည ၇နာရီခွဲက Park Royal ဟိုတယ်၌ ကျင်းပရာ အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြားသည်။ ယင်းနောက် အာရှဘောလုံးအဖွဲ့ချုပ် (AFC)က ပြိုင်ပွဲကျင်းပရေး ဒါရိုက်တာ မစ္စတာ ဆူဇူကီးက ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သရုပ်ဆောင် မော်ဒယ်လ်များနှင့်အတူ အသင်းများအား မဲနှိုက်ရွေးချယ်ပေးကြသည်။**(အပေါ်ပုံ)**ပွဲစဉ်မဲနှိုက် ရေးဆွဲမှုအရ ပထမအကြိုဗိုလ်လုပွဲအဖြစ် ဒိုဒိုင်းဗစ်ကတ်(ကာဂျစ်စတန်)နှင့် အက်ရှ်ကာမက်(တာ့ခ်မင်နစ္စတန်)၊ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် F.C ဗာကတ်ရှ် (တာဂျစ်ကစ္စတန်)နှင့် ရတနာပုံ (မြန်မာ)တို့ ကစားရမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲများကို စက်တင်ဘာ ၂၄ရက်နှင့် ဗိုလ်လုပွဲကို ၂၆ရက်တို့တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

(မြန်မာ့အလင်း)

အရိပ်ရပင်စိုက်ပျိုး

ဇွန် ၂၆ရက်က ဝါးခယ်မမြို့နယ် ကြာဖြူ-သဲကုန်း ကျေးရွာချင်းဆက် မြေသားလမ်းဘေးဝဲယာတွင် အရိပ်ရအပင်ပေါင်း ၄၀၀ကို စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်မင်းသန်းနှင့် အဖွဲ့ဝန်ထမ်းများ စိုက်ပျိုးနေမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မျိုးအောင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အစ္စရေး ပါလက်စတိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲ တိုးတက်ရန်လို

ရာမာလာ ဇူလိုင် ၁၂

အစ္စရေးနှင့် ပါလက်စတိုင်းအကြား တိုက်ရိုက်ဆွေးနွေးပွဲများမစတင်မီ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ၌ တိုးတက်မှုရှိရေး ကြိုးပမ်းရန် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ ယာယီအကြီးအကဲ မာမွတ်အာဘတ်စ်က တိုက်တွန်းလိုက်သည်။

ပြောကြား

ဆောင်ရွက်ဆဲနှစ်လကြာ တစ်ဆင့်ခံစေ့စပ်ဆွေးနွေးပွဲများမှာ တိုးတက်မှု တစ်စုံတစ်ရာမျှ မတွေ့ရသေးကြောင်း၊ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု လက်ယာဂိုဏ်းအစိုးရနှင့် တိုက်ရိုက်ဆွေးနွေးမှုတစ်စုံတစ်ရာကို လက်ခံသဘောတူရေး သတိထားကြောင်း မာမွတ်အာဘတ်စ်က ရာမာလာ၌ ဇူလိုင် ၁၁ရက်ကပြောကြားသည်။ တိုးတက်မှုရှိလျှင် မိမိတို့က တိုက်ရိုက်ဆွေးနွေးမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။ တိုးတက်မှု မရှိလျှင် စေ့စပ်ဆွေးနွေးပွဲရလဒ်လည်း အသုံးကျမည်မဟုတ်ကြောင်း မာမွတ်အာဘတ်စ်က ထည့်သွင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



ဥရောပ အာကာသ အေဂျင်စီ (အီဆာ) က လွှတ်တင်ထားသော ရိုဆက်တာ အာကာသယာဉ် ကမ္ဘာကို လှည့်ပတ် လေ့လာလျက်ရှိသည်ကို ဇူလိုင် ၁၁ရက်က တွေ့ရစဉ်။ (ယင်း အာကာသယာဉ်သည် ကမ္ဘာမြေအနီးရှိ အကြီးဆုံး ဂြိုဟ်သိမ်တစ်ခုကိုလည်း စူးစမ်းလေ့လာလျက်ရှိကြောင်း သိရသည်။) (အင်တာနက်ဓာတ်ပုံ)

မက္ကဆီကို ပင်လယ်ကွေ့အတွင်း ယိုစိမ့်ရေနံများ ဘီပီကုမ္ပဏီက စက်ရုပ်အသုံးပြုပိတ်ဆို့

နယူးယောက် ဇူလိုင် ၁၂

မက္ကဆီကို ပင်လယ်ကွေ့အတွင်း ဘီပီရေနံကုမ္ပဏီ၏ ရေနံတူးစင်မှ ယိုစိမ့်နေသော အပေါက်ကို ရေအောက်စက်ရုပ်များ **(ယာပုံ)** က အောင်မြင်စွာ ပိတ်ဆို့နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယင်းမှာ ပထမအဆင့်အနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းကုမ္ပဏီက ဇူလိုင် ၁၁ရက်၌ ပြောကြားသည်။

ယိုစိမ့်ခြင်းမရှိအောင်

အဆိုပါ ယိုစိမ့်နေသော အပေါက်ကို စက်ရုပ်များက ခိုင်မာအောင် ပိတ်နိုင်ခဲ့သော်လည်း ရေနံစိမ်းစည် သောင်းချီ၍ ဆက်လက်ယိုစိမ့်နေဦးမည် ဖြစ်ကြောင်း၊ လာမည့်လေးရက်မှ ငါးရက်အတွင်း လုံးဝယိုစိမ့်ခြင်းမရှိအောင် စက်ရုပ်များက ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ကြောင်း ယင်းကုမ္ပဏီက ဆက်လက်ပြောကြားခဲ့သည်။

ယိုစိမ့်ရေနံများ ဆုံးရှုံးမှု နည်းပါးစေရန်အတွက် ရေနံရှင်းလင်းရေး သင်္ဘော ၄၀၀ခန့်ပါဝင်သော သင်္ဘောအုပ်စုက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေကြသည်။

ယင်းကုမ္ပဏီက ယိုဖိတ်ရေနံများ ထပ်မံမယိုစိမ့်ရန် ဆောင်ရွက်နေသကဲ့သို့ ယိုဖိတ်ပြီးရေနံများ ပျံ့နှံ့မသွားစေရန်လည်း အစီအမံများဖြင့် ဆောင်ရွက်နေသည်။ မက္ကဆီကို ပင်လယ်ကွေ့အတွင်းရှိ အဆိုပါရေနံများ ယိုဖိတ်မှုမှာ ဧပြီလအတွင်းက ဟော်ရီကွန်ရေနံတူးစင် ပေါက်ကွဲရာမှ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ယင်းပေါက်ကွဲမှုကြောင့် ၁၁ ဦး သေဆုံးခဲ့ရသည်။ ထိုသို့ ပေါက်ကွဲမှုကြောင့် ရေနံများ တစ်နေ့လျှင် စည်ပေါင်း ၃၅၀၀၀မှ ၆၀၀၀၀ခန့်အထိ ယိုစိမ့်နေသည်။ **(အင်တာနက်)**

ပဥ္စမအကြိမ်မြောက် အာရှအလှမယ်ပြိုင်ပွဲကို ဇူလိုင် ၁၀ရက်က အမေရိကန်နိုင်ငံ ဆန်ဖရန်ဆစ္စကိုမြို့၌ ကျင်းပရာ အလှမယ်ဆွတ်ခူးသွားသော ဗီယက်နမ်အလှမယ် မီချယ်လီငုယင်အား အာရှအလှမယ်သရဖူ ဆောင်းပေးစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်-ဘိုလစ်ဗီးယား သံတမန်ဆက်ဆံမှု (၂၅)ကြိမ်မြောက် အခမ်းအနား ပေကျင်း၌ ကျင်းပ

ပေကျင်း ဇူလိုင် ၁၂

တရုတ်ပြည်နှင့် ဘိုလစ်ဗီးယား နှစ်နိုင်ငံ သံတမန်ဆက်သွယ်သည့် (၂၅)ကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ပေကျင်းမြို့၌ ဇူလိုင် ၉ရက်က ကျင်းပကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြပါရှိသည်။

တက်ရောက်

နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ်ပတ်လည် အထိမ်းအမှတ်ပွဲကို ပေကျင်းမြို့၌ တရုတ်ပြည်သူတို့၏ နိုင်ငံရပ်ခြားတိုင်းပြည်များနှင့် ချစ်ကြည်ရေးအသင်း (စီပီအေအက်ဖ်အက်ဖ်စီ)က ဦးစီးကျင်းပသည့် ဧည့်ခံပွဲသို့ နှစ်နိုင်ငံကိုယ်စားလှယ် ၁၂၀ခန့် တက်ရောက်ကြသည်။

ပြောကြား

ဧည့်ခံပွဲတွင် ဘိုလစ်ဗီးယားနှင့် တရုတ်ဆက်ဆံရေးကို များစွာတန်ဖိုးထားပါကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ဘိုလစ်ဗီးယား သံအမတ်ကြီးက ပြောကြားလိုက်သည်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အလားအလာများစွာ ရှိသေးကြောင်း ယုံကြည်သည်ဟုလည်း ဘိုလစ်ဗီးယား သံအမတ်ကြီးက ပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်၌ သီးခြားတိုက်ပွဲအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံး

ကဘူးလ် ဇူလိုင် ၁၂

အာဖဂန်ရှိ နိုင်ငံစုံတပ်ဖွဲ့၏ အခြေစိုက်စခန်းကို စစ်သွေးကြွများကဆန့်ကျင်တိုက်ခိုက်စဉ် အာဖဂန်နစ္စတန်ရှိ သီးခြားတိုက်ပွဲကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံးကြောင်း ဇူလိုင် ၁၁ရက်တွင် ပြည်နယ်မီဒီယာများက သတင်းဖော်ပြသည်။

သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်များမှာ အာဖဂန်အရှေ့ပိုင်းမှ သုံးဦးပါဝင်ပြီး တောင်ပိုင်းမှ နှစ်ဦးပါဝင်သည်ဟု နေတိုးအဖွဲ့က သတင်းထုတ်ပြန်သည်။

ယခုနှစ်အတွင်း အာဖဂန်နစ္စတန်၌သေဆုံးသည့် နိုင်ငံစုံတပ်ဖွဲ့ဝင်ဦးရေ ၃၅၀ကျော်သွားပြီဟုဆိုသည်။

ကြေညာ

လက်ရှိတွင် အာဖဂန်နစ္စတန်၌ နိုင်ငံစုံတပ်ဖွဲ့ဝင်ပေါင်း ၁၄၀၀၀၀ကျော်ရှိပြီး အမေရိကန်နှင့် ၎င်း၏နေတိုးမဟာမိတ်များက ထောင်ပေါင်းများစွာသောတပ်ဖွဲ့ဝင်များ ဖြန့်ကြက်ချထားမှုကို ဆိုင်းငံ့ထားသည်ဟု ကြေညာထားသည်။ **(အင်တာနက်)**

နေအပြည့် ကြတ်ခြင်းဖြစ်ပေါ်

ဇူလိုင် ၁၁ရက်က နေအပြည့်ကြတ်ခြင်းဖြစ်ပေါ်ခဲ့ရာ ချီလီနိုင်ငံ အီစတာကျွန်းမှ နေကြတ်မှုကို ဤသို့တွေ့ခဲ့ရသည်။
(အင်တာနက်ဓာတ်ပုံ)



နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

မက္ကဆီကို ပင်လယ်ကွေ့ရေပြင်မှ ယိုစိမ့်ရေနံများဖယ်ရှား

မက္ကဆီကိုပင်လယ်ကွေ့ရေပြင်မှ ယိုစိမ့်ရေနံများကို ဗြိတိသျှရေနံကုမ္ပဏီ ဘီပီမှ ရေယာဉ် များ ရှင်းလင်းရေးဝန်ထမ်းများနှင့် ဇူလိုင် ၁၂ရက်မှ စတင်ရှင်းလင်းဖယ်ရှားနေပြီဖြစ်ကြောင်း မက္ကဆီကိုစွမ်းအင်အရာရှိများက ဇူလိုင် ၁၂ရက်၌ ပြောကြားသည်။

ခိုးဝင်ရန်ကြိုးစားသူများကို အီဂျစ်ဖမ်းဆီး

အီဂျစ်နယ်စပ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၁၂ရက် နံနက်တွင် အစ္စရေးနိုင်ငံဘက်သို့ ခိုးဝင်ရန် ကြိုးစားသူခြောက်ဦးအား အီဂျစ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးလိုက်ကြောင်း အီဂျစ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ဗုံးသတင်းကြောင့် ပြင်သစ်လေယာဉ် အရေးပေါ်ဆင်းသက်

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့မှ ပြင်သစ်နိုင်ငံ ပါရီမြို့သို့ ဇူလိုင် ၁၂ရက်က ပျံသန်းလာသော ပြင်သစ်ခရီးသည်တင် လေယာဉ်တစ်စင်းသည် လေယာဉ်ပေါ်တွင် ဗုံးပါရှိသည်ဟူသော သတင်းကြောင့် ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း၌ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း ဘရာဇီးအရာရှိများက သတင်းထုတ်ပြန်သည်။

တရုတ်၌ မုန်တိုင်းတိုက်ခတ်မှု သတိပေး

တရုတ်နိုင်ငံတွင် လာမည့် သုံးရက်အတွင်း ကိုင်ကျို၊ ဟူနန်၊ ဟူဘေနှင့် အန်ဟွေးပြည်နယ်များတွင် မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း ဇူလိုင် ၁၂ရက်၌ သတိပေးချက် ထုတ်ပြန်ထားသည်။

နီပေါ၌ မြေပြို၊ ၁၀ဦးသေဆုံး

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့အနောက်ဘက် ကာစကီခရိုင်တွင် ဇူလိုင် ၁၂ရက် နံနက်က မြေပြိုမှုဖြစ်ပွားရာ ၁၀ဦးသေဆုံးပြီး နေအိမ်အချို့ ပျက်စီးခဲ့ကြောင်း ကယ်ဆယ်ရေး နီပေါရဲတပ်ဖွဲ့က ပြောကြားသည်။ (အောက်ပုံ)

တရုတ်အနောက်တောင်ပိုင်း၌ ရထားလမ်းဥမင်ပြိုကျ

တရုတ်နိုင်ငံအနောက်တောင်ပိုင်း နန့်နင်းစီရင်စု ဘန်ယန်မြို့အနီးတွင် ရထားလမ်းဥမင်လိုဏ်ခေါင်း ဖောက်လုပ်ရေးလုပ်ငန်းခွင်၌ ဇူလိုင် ၁၂ရက် နံနက်က ဥမင်လိုဏ်ခေါင်းပြိုကျမှုဖြစ်ပွားရာ အလုပ်သမား ၁၀ဦး ပိတ်မိနေကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆောင်ရွက်ပေးလျက်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ရုရှား၌ ကုန်တင်ရထား ဗုံးခွဲတိုက်ခိုက်ခံရ

ရုရှားနိုင်ငံ မြောက်ကော့ကေးဆပ်ဒေသ ဒါဂတ်စ်စတင်အရပ်တွင် ဇူလိုင် ၁၂ရက်က ကုန်တင်ရထားတစ်စင်း ဗုံးခွဲတိုက်ခိုက်ခြင်းခံရကြောင်း၊ ဒဏ်ရာရရှိမှုမရှိကြောင်း၊ ရထားလမ်းနှင့် ရထားတွဲအချို့ ထိခိုက်ပျက်စီးခဲ့ကြောင်း ရုရှားလုံခြုံရေးတပ်ဖွဲ့များက သတင်းထုတ်ပြန်သည်။

ဘေရွတ်၌ လေယာဉ်အရေးပေါ်ဆင်းသက်

ဘေရွတ်မြို့မှ ရီယာ့ဒ်မြို့သို့ ဇူလိုင် ၁၂ရက်က ပျံသန်းလာသော ခရီးသည်တင် လေယာဉ်တစ်စင်းသည် လေယာဉ်ကိုယ်ထည်၌ ချွတ်ယွင်းမှုများဖြစ်ပေါ်ခဲ့သဖြင့် ရီယာ့ဒ်မြို့ မရောက်ခင် မြေပြင်၌ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း လက်ဘနွန်သတင်းဌာနက သတင်းထုတ်ပြန်သည်။

အာဖဂန် ဗုံးခွဲတိုက်ခိုက်မှု ၂၁ဦး ဒဏ်ရာရ

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန့်ပြည်နယ် ဂါစီယာခရိုင်၌ မော်တော်ဆိုင်ကယ်ဗုံးခွဲတိုက်ခိုက်မှုကြောင့် အရပ်သား ၂၁ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ဇူလိုင် ၁၂ရက်တွင် အာဖဂန်အရာရှိများက ပြောကြားသည်။ ။ **(အင်တာနက်)**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာပိုင်စိုး ပြည်သူ့ကျန်းမာရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ရန်ကုန်မြို့ရှိ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၂

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဇူလိုင် ၁၀ရက် နံနက် ၁၁နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံ၍ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်သည် နိုင်ငံတစ်နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနေသည့်ဌာန ဖြစ်သည့်အလျောက် တာဝန်ထမ်းဆောင်နေကြသော ပညာရှင်များ၏ ပင်မတာဝန်ဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပါမောက္ခချုပ်ဒေါက်တာ တင်မင်းက ပြည်သူ့ကျန်းမာရေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ပါမောက္ခများ၊ ကထိကများ၊ အချိန်ပိုင်း ပါမောက္ခများ ခန့်ထားမှု အခြေအနေ၊ သင်ကြားပေးလျက်ရှိသော ဘွဲ့လွန်သင်တန်းများနှင့် ပါရဂူသင်တန်းများ အခြေအနေတို့ကို တင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်သူ့ကျန်းမာရေးတက္ကသိုလ်အတွင်းရှိ သင်ကြားရေးဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်နယ်နှင့်တိုင်း အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ၊ ဇူလိုင် ၂၄ရက်အထိ ယှဉ်ပြိုင်မည်

ရန်ကုန် ဇူလိုင် ၁၂

၂၀၁၀ခုနှစ်(၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၁ရက် နံနက် ၉နာရီက ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ အစီအစဉ်အရ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်း နေရာယူကြပြီး ယခင်နှစ်ချန်ပီယံ မန္တလေးတိုင်း အမျိုးသားအသင်းက တံခွန်စိုက်ဒိုင်းကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ပြန်လည်အပ်နှံသည်။

ကျင်းပ

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် **(အောက်ပုံ)**က အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင် အသင်းများအား လိုက်လံနှုတ်ဆက်၍ ပထမနေ့ပွဲစဉ်များကို စတင်ကျင်းပသည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါ ပြိုင်ပွဲကို ဇူလိုင် ၁၁ရက်မှ ၂၄ရက်အထိ နေ့စဉ် နံနက် ၉နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း၁၃သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွေးရာပါ ဝဲဘက်တင်ပါး၌ ခြေထောက်တစ်ချောင်း အပိုပါနေမှု မကွေးတိုင်း ပြည်သူ့ဆေးရုံ၌ အောင်မြင်စွာ ခွဲစိတ်ကုသ

နေပြည်တော် ဇူလိုင် ၁၂

မြန်မာခွဲစိတ်အထူးကုဆရာဝန်ကြီးများအဖွဲ့က မွေးရာပါ ဝဲဘက်တင်ပါး၌ ခြေထောက်တစ်ချောင်း အပိုပါနေမှု (Polymelia Extra Leg) ကို ဇူလိုင် ၉ရက် နံနက် ၈ နာရီက မကွေးတိုင်း ပြည်သူ့ဆေးရုံ၌ စတင်ခွဲစိတ်ကုသပေးခဲ့ရာ အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။

အဆိုပါ ခွဲစိတ်ကုသမှုကို ခွဲစိတ်ပါမောက္ခ ဒေါက်တာအေးမွန် ခေါင်းဆောင်သော ခွဲစိတ်ကုသမှုအဖွဲ့၊ ကလေးဆေးပညာပါမောက္ခ ဒေါက်တာရဲမြင့်ကျော် ခေါင်းဆောင်သော ကလေးဆေးပညာအဖွဲ့၊ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာတင်ဦး ခေါင်းဆောင်သော မေ့ဆေးအဖွဲ့၊ အရိုးခွဲစိတ်ပညာကထိက ဒေါက်တာစန်းလှိုင် ခေါင်းဆောင်သော အရိုးခွဲစိတ်ကုသအဖွဲ့နှင့် သူနာပြုအုပ် ဒေါ်စိုးစိုးဝင်းနှင့် သူနာပြုကြီး ဒေါ်သန်းသန်းဝင်းတို့ ဦးဆောင်သော သူနာပြုအဖွဲ့များ ပူးပေါင်းခွဲစိတ်မှုဖြင့် တင်ပါး၌ ခြေထောက်တစ်ချောင်း အပိုပါသည့် အသက်တစ်နှစ် ခုနစ်လရှိ မစိုးပိုပိုဝင်းအား နံနက်၈နာရီ၄၅မိနစ်တွင် အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။

အစိတ်အပိုင်းတစ်ခု

မစိုးပိုပိုဝင်းသည် မကွေးတိုင်း ပခုက္ကူမြို့နယ် ညောင်ပင်လှကျေးရွာအုပ်စု မင်းနန်တောရွာနေ အဖ ဦးရီစိုးနှင့် အမိ ဒေါ်နွယ်မာဝင်းတို့၏ သမီးဖြစ်ပြီး အမြီးပေါက်သည်ဟု Good Health ဂျာနယ်၌ သတင်းပါရှိသည့်အတွက် ပခုက္ကူမြို့ ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာကိုကိုကြီး ခေါင်းဆောင်၍ ဓာတ်မှန်ဆရာဝန်ကြီး ဒေါက်တာသန်းခက်နှင့် တိုက်နယ်ဆရာဝန် ဒေါက်တာသီဟမောင်မောင်တို့အဖွဲ့က ဇူလိုင် ၂ရက်က ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကလေးငယ်မစိုးပိုပိုဝင်းအား ညောင်ပင်လှကျေးရွာ၌ အရပ်လက်သည်ဖြင့် မွေးဖွားခဲ့ပြီး မွေးဖွားစဉ်ကပင် ဝဲဘက်တင်ပါး၌ အသားပိုရှိကာ ကလေးကြီးထွားလာသည်နှင့်အမျှ အသားပိုသည် သိသာစွာ ရှည်လျားကြီးထွားလာခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ အစိတ်အပိုင်းမှာ အမြီးမဟုတ်ဘဲ ခြေထောက်အပို(အတို)အဖြစ် ပါရှိသည့် ဝဲဘက်တင်ပါးနှင့် ဆက်နေသော အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း တွေ့ရှိခဲ့သည်။

ချို့ယွင်းမှု

ယင်းနောက် မစိုးပိုပိုဝင်းအား ဇူလိုင် ၆ရက်က မကွေးတိုင်းပြည်သူ့ဆေးရုံသို့ လွှဲပြောင်းပေးပို့၍ လိုအပ်သော စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ မိသားစု၏ တစ်ဦးတည်းသော ကလေးဖြစ်ပြီး အခြားမွေးရာပါ ချို့ယွင်းမှုများ မတွေ့ရှိရပေ။

အဆိုပါ မစိုးပိုပိုဝင်းကဲ့သို့ ခြေထောက်တစ်ချောင်းလုံး အပြည့်အစုံပါသောဖြစ်စဉ်မှာ အလွန်ရှားပါးသည့် ဖြစ်စဉ်ဖြစ်ပြီး ယမန်နေ့အထိ ကမ္ဘာပေါ်တွင် ၁၇ဦးခန့်သာ တွေ့ရှိရသေးသော တင်ပါးရိုးမှခြေထောက်အရိုး အပြည့်အစုံထွက်လာခြင်း (Polymelia Extra Leg) ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဝင် လူမှုရေးအသင်းများအား အလှူငွေပေးအပ်

ရန်ကုန် ဇူလိုင် ၁၂

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဝင် ရွှေပန်းထိမ်ဆရာကြီး ဦးထုံ(ဦးထုံရွှေပန်းထိမ်ရွှေဆိုင်)၏ (၈၈)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် လူမှုရေးအသင်းအဖွဲ့များသို့ အလှူငွေများပေးအပ်လှူဒါန်းရာ စိတ်ရောဂါအထူးကုဆေးရုံကြီး၊ မိဘမဲ့ကလေး ပရဟိတကျောင်း၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၊ မေရီချက်(စ်)မင်းဆွံ့အနားမကြားကျောင်း၊ သိမ်ဖြူလမ်းဆင်းရဲသူများ စောင့်ရှောက်ရေး ဘိုးဘွားရိပ်သာ၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၊ နေပြည်တော် ပျဉ်းမနား သုမေဓာအဖွဲ့၊ မင်္ဂလာဒုံမြို့နယ် ရှမ်းစုကျေးရွာ မေတ္တာလမ်းရှိ ရိပ်သာအဖွဲ့တို့အတွက် ဆေးဝါးအလှူငွေ အပါအဝင် အလှူငွေစုစုပေါင်း ငွေကျပ် ၂၄၅၀၀၀၀ကို ရွှေပန်းထိမ်ဆရာကြီး ဦးထုံ(ဦးထုံ ရွှေပန်းထိမ်ရွှေဆိုင်) နှင့် မိသားစုဝင်များက သွားရောက်လှူဒါန်းကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၃-၇-၂၀၁၀ ရက်
(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၂။ လျှပ်တစ်ပြက်
၆:၃၀ ၁၃။ အောင်မြင်ခြင်းလမ်းမ
၆:၄၀ ၁၄။ အကြင်နာလက်တစ်စုံ
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့ သူ့ရဲကောင်း** (အပိုင်း-၃၀)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မွေးမြူသုတ
၂၁။ **ဟာသရုပ်စုံ ရီးရာစလေ့** စိစိအဖွဲ့နှင့် ရွှေသွေးအဖွဲ့ (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လရောင်ဆမ်းတဲ့ဒဏ္ဍာရီ** (အပိုင်း-၁၉)

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၁၂

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ လှိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၁ရက် နံနက် ၈နာရီက လှိုင်မြို့နယ် အောင်ဓမ္မ ရိပ်သာလမ်း လှိုင်မင်္ဂလာခန်းမ၌ ကျင်းပရာ သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်း ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကို**(ယာပုံ)**က အဖွင့်အမှာစကား ပြောကြားပြီး လှိုင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်မြင့်က သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန် အနောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် လှိုင်မြို့နယ်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်၊ မြို့နယ် ဥပဒေအရာရှိတို့က ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ကော်မရှင် အဖွဲ့ခွဲ လုပ်ငန်း တာဝန်များ၊ မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို ပရိုဂျက်တာများဖြင့် လည်းကောင်း၊ မဲရုံသရုပ်ပြပုံစံဖြင့် လည်းကောင်း ရှင်းလင်းဆွေးနွေး ပို့ချသည်။

သင်တန်းဖွင့်ပွဲသို့ ရန်ကုန်အနောက်ပိုင်း ခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မိုးမြင့်နှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ လှိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲများမှ သင်တန်းသား ၁၃၁ဦး တက်ရောက်ကြသည်။ (၁၂၈)

ကော့ကရိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဧည့်ရိပ်သာတံတား အမှတ်(၁) တည်ဆောက်ထားရှိမှုကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးမင်းမောင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှမြင့်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကမ္ဘာ့ဖလားပြိုင်ပွဲကြီး ပြီးဆုံးလေသောအခါ. . . .

➢ စုစည်းရေးသားသူ - မိုးမြင့်လင်းလက် ➢ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

ကိတ်ဖ်တောင်း ဇူလိုင် ၁၂

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ပြိုင်ပွဲမကျင်းပမီက ရေပန်းစားမှု သိပ်မရှိခဲ့ပေမယ့် အုပ်စုအဖွင့်ပွဲစဉ်မှာ သြစတြေးလျကို လေးဂိုးပြတ်သွင်းခဲ့တဲ့ ဂျာမနီအသင်းဟာ ပြိုင်ပွဲ စတင်ကျင်းပချိန်မှာတော့ ရေပန်းစားမှု ရှေ့တန်းရောက်လာခဲ့ပါတယ်။

၂၀၁၀ ကမ္ဘာ့ဖလားဗိုလ်လုပွဲတွင် စပိန်အသင်း ဤသို့ ကမ္ဘာ့ဖလားနှင့်အတူ အောင်ပွဲခံခဲ့သည်။

ဂျာမနီအသင်းဟာ အသင်းလိုက် ကစားအား၊ တစ်ဦးချင်း ကြိုးစားအားထုတ်မှုနဲ့ အဆုံးသတ်ကောင်းမွန်မှုတွေကြောင့် သွင်းဂိုးငါးဂိုး၊ ပေးဂိုးတစ်ဂိုးနဲ့ အုပ်စုက တက်ပြီး ရှုံးထွက်အဆင့်မှာ အင်္ဂလန်ကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့တာ ဖြစ်ပါတယ်။ ဂျာမနီအသင်းဟာ လူငယ်၊ လူကြီး မျှတအောင် ဖွဲ့စည်းထားနိုင်တဲ့အပြင် နေရာလိုက် ကစားအားရှိတာမို့ ကွာတားဖိုင်နယ်မှာ ဗိုလ်စွဲမယ်လို့ ရေပန်းစားနေတဲ့ အာဂျင်တီးနားလို ထိတ်ထိတ်ကြဲအသင်းကို လေးဂိုးပြတ်သွင်းပြီး အံ့အားသင့်အောင် အနိုင်ယူပြခဲ့တာပါပဲ။ ဒါပေမယ့် အကြိုဗိုလ်လုပွဲမှာ အမှားအယွင်းနည်းအောင် ကစားတတ်တဲ့ စပိန်နဲ့ ယှဉ်ပြိုင်တဲ့အခါ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးပွဲကြုံခဲ့ပြီး တတိယ နေရာနဲ့ပဲ ကျေနပ်ခဲ့ရတာပါ။ ဂျာမနီအသင်းဟာ နေရာအလိုက် ကစားအားမျှပေမယ့် အားချင်းတူတဲ့ အသင်းတွေနဲ့ဆုံတိုင်း အဆုံးသတ်အပိုင်းတွေမှာ ပျာယာခတ်နေတတ်တာကြောင့် နောက်ဆုံးဗိုလ်လုပွဲအထိ မတက်ရောက်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

ထွက်ခွာ

အာဂျင်တီးနားအသင်းဟာ ၂၀၁၀ကမ္ဘာ့ဖလား ပြိုင်ပွဲဝင်အသင်းတွေထဲမှာ ခြေစွမ်းအတည်ငြိမ်ဆုံး ဖြစ်တဲ့အပြင် ဂိုးသွင်းအားအမြင့်ဆုံးအသင်းလည်းဖြစ်ပါတယ်။ အာဂျင်တီးနားအသင်းရဲ့ တိုက်စစ်မှူးတွေဟာ ပြိုင်ဘက်အသင်းတွေရဲ့ခံစစ်ကြောင်းကို ရအောင်ထိုးဖောက် ဂိုးသွင်းနိုင်ကြတဲ့ သူတွေဖြစ်ပြီး ခံစစ်ယိမ်းယိုင်သွားအောင် စွမ်းဆောင်နိုင်သူတွေဖြစ်ပါတယ်။ ဒါပေမယ့် အာဂျင်တီးနားအသင်းရဲ့ အားနည်းချက်က အချိန်ကိုက် လူစားထိုးမှုနဲ့ နည်းဗျူဟာပိုင်း ပြောင်းလဲမှုတွေကို ပြိုင်ဘက်ရဲ့ ကစားအားကိုလိုက်ပြီး မပြုပြင်နိုင်တာပဲဖြစ်ပါတယ်။ ဒါကြောင့် ကွာတားဖိုင်နယ်မှာ ဂျာမနီကို လေးဂိုးပြတ်နဲ့ မှတ်တမ်းစံချိန်တင် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်း ဖြစ်ပါတယ်။

ဘရာဇီးတို့ကတော့ အသင်းစုစည်းမှု အားကောင်းပြီး အနိုင်ရအောင်လည်း ကစားတတ်တာမို့ ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားပွဲမှာ တစ်ပွဲတည်းရှုံးပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရခြင်း ဖြစ်ပါတယ်။ အုပ်စုပွဲနဲ့ရှုံးထွက်အဆင့်တွေကို ကျော်ဖြတ်နိုင်ခဲ့တဲ့ ဘရာဇီးခြေစွမ်းဟာ ကွင်းလယ်ကစားအားနဲ့ အုပ်စုဖွဲ့ ထိုးဖောက်ဂိုးသွင်းမှုကြောင့် တစ်ဖက်အသင်းကို အနေအထားမျိုးစုံမှ ဖိအားပေးနိုင်တဲ့အသင်းဖြစ်ပါတယ်။ တစ်ဦးချင်းကျွမ်းကျင်မှုနဲ့ ကစားကွက် အသာစီးရအောင် ကစားတတ်လို့ ပြိုင်ဘက်တွေကို ကျော်လွှားနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။ ဒါပေမယ့် အင်အားသုံးပြီး ထိုးဖောက်တိုက်စစ်ဆင်တတ်တဲ့ နယ်သာလန်လိုအသင်းနဲ့ ကွာတားဖိုင်နယ်မှာ တွေ့ဆုံတဲ့အခါ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးပွဲ ကြုံပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရခြင်း ဖြစ်ပါတယ်။ ကစားအား အတင်အချမြန်တဲ့ အသင်းနဲ့ တွေ့ဆုံပေမယ့် ကစားကွက် မပြောင်း၊ ကစားအားမတင်တဲ့ အမှားတွေကြောင့် ဘရာဇီးတို့ ကွာတားအထိပဲ ရောက်ရှိခဲ့ရခြင်းဖြစ်ပါတယ်။

ဆွတ်ခူး

စပိန်ကတော့ ဒီနှစ်ကမ္ဘာ့ဖလားပွဲ မတိုင်မီကတည်းက ဗိုလ်စွဲမယ်လို့ ရေပန်းစားခဲ့တဲ့ အသင်းပဲ ဖြစ်ပါတယ်။ ကစားသမားကောင်းတွေ ပေါတဲ့အပြင် အတွေ့အကြုံများတဲ့ နည်းပြကြောင့် အမှားအယွင်းတွေကို အချိန်မီပြုပြင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ကစားသမားတိုင်း ကိုယ့်အားကိုယ်ကိုးကြိုးစားသလို ကွက်လပ်တွေကိုလည်း အလိုက်သင့် ဖြည့်ဆည်းပေးနိုင်တာကြောင့်ပဲ ဖြစ်ပါတယ်။ နောက်ပြီး စပိန်ရဲ့ အားသာချက်တစ်ခုက ကွင်းလယ်ကစားအား ဖြစ်ပါတယ်။ စပိန်အသင်းဟာ

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံး ဗိုလ်လုပွဲတွင် စပိန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးသွင်းပေးခဲ့သူ အင်နီယေစတာ ဤသို့ အောင်ပွဲခံခဲ့သည်။

ကွင်းလယ်ကစားအားနဲ့ တောင်ပံ၊ တိုက်စစ်နဲ့ ခံစစ်တွေကို အပြည့်အဝ လိုက်ပါဖြည့်ဆည်းပေးနိုင်ခဲ့တာမို့ အဲဒီအကျိုးတွေကြောင့် အခုလို ကမ္ဘာ့ဖလားကို ဆွတ်ခူးသွားနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

နယ်သာလန်အသင်းကတော့ ပွဲမစခင်ကတည်းက ကစားအားကောင်းတဲ့အသင်းအဖြစ် အသိအမှတ်ပြုခြင်း ခံထားရတဲ့ အသင်းဖြစ်ပါတယ်။ နယ်သာလန်အသင်းရဲ့ ထူးခြားချက်ကတော့ ခြေစစ်ပွဲကနေ ကမ္ဘာ့ဖလားဗိုလ်လုပွဲအထိ တစ်ပွဲမျှ မရှုံးခဲ့တဲ့အသင်း ဖြစ်ပါတယ်။ ကြံ့သလို ဂိုးသွင်းနိုင်တဲ့သူတွေ၊ စိတ်ဓာတ်ခက်ထန်မာကျောနေတဲ့ ကစားသမားတွေအပြင် အရည်အချင်းပြည့်ဝတဲ့ နည်းပြလည်း တာဝန်ယူထားတာကြောင့် အတိမ်းအစောင်းလေးတွေ ရှိခဲ့ပေမယ့် နိုင်ပွဲတွေရအောင် ကစားနိုင်ခဲ့ကြပါတယ်။ ဒါကြောင့် ဘရာဇီးနဲ့ ဥရုဂွေးတို့လိုအသင်းတွေကို ကျော်ဖြတ်ပြီး နောက်ဆုံး ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့တာဟာ စိတ်ဓာတ်အပိုင်း မာကျောမှုလည်း ပြသနေပါတယ်။ နိုင်ငံအသင်းအတွက် အင်အားကုန်သုံးမယ့် ကစားသမားတွေ ပါဝင်နေတာမို့ နောက်ဆုံးဗိုလ်လုပွဲမှာ ဖလားလက်လွတ်ပြီး ဒုတိယနေရာနဲ့ ကျေနပ်ခဲ့ရပေမယ့် အကောင်းဆုံး အရှုံးသမားအဖြစ် မှတ်တမ်းတင်ခံရတဲ့ အသင်းဖြစ်ခဲ့တာပါပဲ။ ပြင်သစ်အသင်းကတော့ ဒီနှစ်ကမ္ဘာ့ဖလားပွဲမတိုင်မီက သတိထားစောင့်ကြည့်ရမယ့် အသင်းအဆင့်မှာ ရှိနေခဲ့သော်လည်း ပြိုင်ပွဲစတင် ကစားတဲ့အခါ အသင်းစုစည်းမှု၊ ကစားသမားအချင်းချင်း မစည်းလုံးမှုနဲ့ နည်းပြရဲ့ အားနည်းချို့ယွင်းမှုတွေကြောင့် ဒီနှစ်ကမ္ဘာ့ဖလားပွဲမှာ တစ်ပွဲမျှ အနိုင်မကစားနိုင်ဘဲ အုပ်စုပွဲမှပဲ စောစီးစွာ ထွက်ခဲ့ရတာဟာ သင်ခန်းစာ ယူစရာပါပဲ။

ယှဉ်ပြိုင်

အိမ်ရှင် တောင်အာဖရိကအသင်းကတော့ အိမ်ရှင်ဖြစ်လို့ ခြေစစ်ပွဲမဝင်ရဘဲ ယှဉ်ပြိုင်ခွင့်ရရှိခဲ့တာပါ။ ခြေစစ်ပွဲမဝင်ခဲ့ရပေမယ့် ဘရာဇီးနည်းပြ ပရဲယားရဲ့ သွန်သင်ပြသမှုကြောင့် အကောင်းဆုံးခြေစွမ်းရရှိခဲ့ပါတယ်။ အုပ်စုအဆင့်က ထွက်ခဲ့ရပေမယ့် ပြင်သစ်လိုအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ကစားခဲ့တာဟာ ဂုဏ်ယူစရာ ဖြစ်ပါတယ်။ ဒါကြောင့် အုပ်စုသုံးပွဲ ကစားတဲ့အခါ ဥရုဂွေးကိုပဲ ရှုံးခဲ့ပြီး ကျန်ပွဲတွေသရေနဲ့ အနိုင်ပွဲရရှိခဲ့တာမို့ တောင်အာဖရိက သမ္မတနဲ့ ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာတို့က အိမ်ရှင်အသင်းကို ချီးကျူးဂုဏ်ပြုခဲ့ကြခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းတွေထဲမှာ ခြေစွမ်းတွေ မတိမ်းမယိမ်းရှိခဲ့ပြီး နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့တဲ့ နယ်သာလန်နဲ့ စပိန်တို့ကလည်း ဗိုလ်လုပွဲနဲ့ ထိုက်တန်တဲ့ အကောင်းဆုံး ခြေစွမ်းတွေနဲ့ ယှဉ်ပြိုင်ခဲ့ကြတာပဲ ဖြစ်ပါကြောင်း။ ။

ကိုးကား- အင်တာနက်

ကမ္ဘာ့ဖလားပြိုင်ပွဲမှ အကောင်းဆုံးကစားသမားများ

မြင့်မောင်စိုး - ရေးသားသည်

ဂျိုဟန်နစ္စဘတ် ဇူလိုင် ၁၂

၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီး တောင်အာဖရိကနိုင်ငံ၌ ဇွန် ၁၁ရက်မှ ဇူလိုင် ၁၁ရက်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီ ဖြစ်သည်။

ကြယ်ပွင့်များ

ပြိုင်ပွဲတစ်လျှောက် ထူးထူးခြားခြား ခြေစွမ်းပြကစားနိုင်ခဲ့သော ကစားသမား

ရွှေဖိနပ်ဆုရ ကစားသမား သောမတ်စ်မူလာ။

များကို ဗိုလ်လုပွဲအပြီး အကောင်းဆုံးဆုများ ချီးမြှင့်ပေးခဲ့သည်။ ဤသို့ ခြေစွမ်းပြ ကစားနိုင်မှုကို ကမ္ဘာအသိပြသနိုင်ခြင်းကပင် ကမ္ဘာ့ဖလားမှ လင်းလက်လာသော ကြယ်ပွင့်များဟု ဆိုကြသည်။

ကျေနပ်ခဲ့ရ

ထိုကြယ်ပွင့်များအနက် ဥရုဂွေး တိုက်စစ်မှူး ဒီယေဂိုဖော်လန်သည် လုံးဝ

ငွေဖိနပ်ဆုရ တိုက်စစ်မှူး ဒေးဗစ်ဗီလာ။

မမျှော်လင့်ဘဲ ဥရုဂွေးအသင်းကို အကြိုဗိုလ်လုပွဲအထိရောက်အောင် ကြိုးစားပေးနိုင်ခဲ့သည်။ အသက် ၃၁ နှစ်သာ ရှိသေးသော တိုက်စစ်မှူးဖော်လန်သည် ဤကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဥရုဂွေးအသင်းအတွက် ငါးဂိုး သွင်းယူ ပေးနိုင်ခဲ့သည်။ ထို့ကြောင့်ပင် အက်သလက်တီကို တိုက်စစ်မှူး ဖော်လန်အား ဆန္ဒမဲ ၂၃ ဒသမ ၄ ရာခိုင်နှုန်းဖြင့် အကောင်းဆုံး ဘောလုံးသမားဆုအဖြစ် ရွှေဘောလုံးဆုကို ဖီဖာက ချီးမြှင့်ပေးခဲ့သည်။ ငွေဘောလုံးဆုကို နယ်သာလန်တိုက်စစ်မှူး ဝတ်စ်လေ

အကောင်းဆုံး ဂိုးသမားဆုရ စပိန်ဂိုးသမား ကာဆီးလက်စ်။

ရွှေဘောလုံးဆုရ တိုက်စစ်မှူး ဒီယေဂိုဖော်လန်။

ရှနိုက်ဒါက ဆန္ဒမဲ ၂၁ ဒသမ ၈ ရာခိုင်နှုန်းဖြင့် ဆွတ်ခူးနိုင်ခဲ့သည်။ ကမ္ဘာ့ဖလား ဆွတ်ခူးနိုင်ခဲ့သည့် စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာက ဆန္ဒမဲ ၁၆ဒသမ ၉ရာခိုင်နှုန်းဖြင့် တတိယ ကြေးတံဆိပ်ဖြင့် ကျေနပ်ခဲ့ရသည်။

ရွှေဖိနပ်ဆု

ဤ ၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အကောင်းဆုံးခြေစွမ်းပြကစားနည်းစနစ်မှန်ကန်စွာ ကစားနိုင်ခဲ့သော လူငယ်တိုက်စစ်မှူး သောမတ်စ်မူလာအား ဖီဖာက ရွှေဖိနပ်ဆုချီးမြှင့်ခဲ့သည်။ ဘိုင်ယန်မြူးနစ် တိုက်စစ်မှူးမူလာသည် ဤကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ဂျာမနီအသင်း တတိယဆုရရှိအောင် အဓိကစွမ်းဆောင်ကစားပေးနိုင်ပြီး ငါးဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ချီးမြှင့်

အသက် ၂၀သာ ရှိသေးသည့် တိုက်စစ်မှူး မူလာသည် ကိုယ်တိုင်ဂိုးအများဆုံး သွင်းယူနိုင်သကဲ့သို့ အခြားကစားသမားသုံးဦးကိုလည်း ဂိုးရအောင် ဖန်တီးပေးနိုင်ခဲ့မှုကြောင့် ရွှေဖိနပ်ဆုအပြင် အကောင်းဆုံး လူငယ်ကစားသမားဆုကိုလည်း ဖီဖာက ချီးမြှင့်ပေးခဲ့သည်။

ငွေဖိနပ်ဆု

စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာသည် ကမ္ဘာ့ဖလားပြိုင်ပွဲတစ်လျှောက် ငါးဂိုးသွင်းယူနိုင်သော်လည်း အခြားကစားသမားများကို ဂိုးပေါက်ဖန်တီးပေး

ငွေဘောလုံးဆုရ တိုက်စစ်မှူး ရှနိုက်ဒါ။

နိုင်မှုနည်း၍ ငွေဖိနပ်ဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။ နယ်သာလန် တိုက်စစ်မှူး ရှနိုက်ဒါသည် ပြိုင်ပွဲတစ်လျှောက် ငါးဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ကြေးဖိနပ်ဆုဖြင့် ကျေနပ်ခဲ့ရသည်။

အကောင်းဆုံးဂိုးသမား

အကောင်းဆုံး ဂိုးသမားဆုကို စပိန်ဂိုးသမား ကာဆီးလက်စ်အား ဖီဖာက ချီးမြှင့်ခဲ့သည်။ ကာဆီးလက်စ်သည် ဗိုလ်လုပွဲတွင် နယ်သာလန်အသင်း၏ အပိုင်ကန်သွင်းမှု ဂိုးနှစ်ဂိုးကို ကာကွယ်ပေးနိုင်ခဲ့သည်။ ၄င်းသည် ၂၀၁၀ကမ္ဘာ့ဖလား ခုနစ်ပွဲကစားခဲ့ရာတွင် နှစ်ဂိုးသာအသွင်းခံခဲ့ရသည်။ စပိန်ဂိုးပေါက်ကို အကောင်းဆုံး ပိတ်ဆို့ပေးနိုင်ခဲ့သည်။ ထို့ကြောင့်လည်း အကောင်းဆုံးဂိုးသမားဆုနှင့် ထိုက်တန်သူဟု သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။ ။

(အင်တာနက်)

ကမ္ဘာ့ဖလား နောက်ဆုံးရသတင်းများ

✧ အာကာဟိန်း - စုစည်းသည် ✧

အင်္ဂလန်ဒိုင်လူကြီး ပယ်နယ်တီမပေးခဲ့ဟု ဒဲလ်ဘော့ပြောကြား

အင်္ဂလန်ဒိုင်လူကြီး ဝပ်ဘ်သည် မိမိတို့စပိန်အသင်းအား ပယ်နယ်တီပြစ်ဒဏ်ဘောမပေးခဲ့ကြောင်း၊ ထို့ကြောင့် နောက်ဆုံးဗိုလ်လုပွဲသည် အချိန်ပိုအထိ ခဲရာခဲဆစ် ယှဉ်ပြိုင်ကစားခဲ့ရကြောင်း စပိန်နည်းပြ ဒဲလ်ဘော့က သတင်းထောက်များအား ပြောကြားသည်။

ကမ္ဘာ့ဖလားပိတ်ပွဲ မင်ဒဲလားနှင့်ဇနီး တက်ရောက်ခဲ့

၂၀၁၀ တောင်အာဖရိကဖလား ပိတ်ပွဲအခမ်းအနားသို့ တောင်အာဖရိက သမ္မတဟောင်း နယ်လ်ဆင်မင်ဒဲလားနှင့်ဇနီးတို့ တက်ရောက်ဂုဏ်ပြုခဲ့ကြောင်း၊ အအေးဓာတ် လွန်ကဲမှုကြောင့် အချိန်တိုတောင်းစွာ ကြည့်ရှုနိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

နယ်သာလန်ဘောလုံးသမားများငိုကြွေး

၂၀၁၀ကမ္ဘာ့ဖလားဘောလုံး ဗိုလ်လုပွဲ၌ စပိန်အသင်းကို အပြန်အလှန် အကြိတ်အနယ်ကစားပြီး ရှုံးပွဲကြုံတွေ့ကာ ဖလားလက်လွတ်ဆုံးရှုံးခဲ့သဖြင့် နယ်သာလန်ဘောလုံးသမားများ ငိုကြွေးခဲ့ကြကြောင်း၊ နယ်သာလန်ပရိသတ်များလည်း ငိုကြွေးခဲ့ကြကြောင်း တောင် အာဖရိက အားကစားအရာရှိများက ဇူလိုင် ၁၂ရက်၌ပြောကြားသည်။

ကမ္ဘာ့ဖလားဗိုလ်လုပွဲ၌ အနီတစ်ကတ်၊ အဝါ ၁၄ ကတ်သုံးခဲ့

၂၀၁၀ကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲတွင် အနီကတ် တစ်ကတ်၊ အဝါ ၁၄ကတ် အသုံးပြုခဲ့ကြောင်း တောင်အာဖရိက အားကစားအရာရှိက ဇူလိုင် ၁၂ရက်၌ ပြောကြားသည်။

ဖလားလက်လွတ်ခဲ့ရခြင်းမှာ ဒိုင်လူကြီးကြောင့်ဟု ဆိုပြန်

၂၀၁၀ကမ္ဘာ့ဖလားကို လက်လွတ်ဆုံးရှုံးခဲ့ရခြင်းမှာ ကွင်းလယ်ဒိုင်လူကြီး၏ ဆုံးဖြတ်ချက် အမှားများကြောင့်ဖြစ်ကြောင်း နယ်သာလန်နည်းပြ မာဗစ်က ပွဲအပြီး သတင်းထောက်များအား ပြောကြားသည်။

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ဟားခါး၌ကျင်းပ

ဟားခါး ဇူလိုင် ၁၁

ချင်းပြည်နယ် ဟားခါးမြို့ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင်၁၀ရက်က ရန်းဇလပ်ဂေါက်ကွင်း၌ ကျင်းပရာ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက သတ်မှတ်နေရာများ၌ ပျိုးပင်များကို စိုက်ပျိုးကြသည်။ ထို့နောက် ပြည်နယ်ဥက္ကဋ္ဌသည် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အမှာစကား

ဆက်လက်၍ ချင်းပြည်နယ် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင် အောင်ချက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပရာ ပြည်နယ်ဥက္ကဋ္ဌ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ချင်းပြည်နယ် ပညာရေးမှူး ဦးမြင့်စိုးက ပညာရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းအခမ်းအနားသို့ ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ပညာရေးမှူးများ၊ လက်ထောက်ပညာရေးမှူးများ၊ ထက်/လယ် ကျောင်းအုပ်ဆရာမကြီးများ၊ ကျွမ်းကျင်(၆)နှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

ရေတာရှည်၌ ချမ်းမြေ့သာယာစာကြည့်တိုက်ဖွင့် သုတ၊ရသ စာအုပ်များလှူဒါန်း

ရေတာရှည် ဇူလိုင် ၇

ရေတာရှည်မြို့နယ် သာဂရမြို့ ကန်သာယာကျေးရွာ ချမ်းမြေ့သာယာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်များလှူဒါန်းပွဲကို ဇွန် ၁၉ရက် နံနက်က အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သိန်းက လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စာပေမှဗဟုသုတများ ရှာဖွေရန် လိုအပ်ကြောင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းနှင်းက စံ(၅)ရပ်ညီ စာကြည့်တိုက်ဖြစ်ရေး၊ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အလှူရှင်ဦးကြည်ဦး၊ ဇနီးဒေါ်ဘေဘီကျော် (နည်းပညာတက္ကသိုလ်တောင်ငူ)တို့က တန်ဖိုးငွေကျပ် ငါးသောင်းငါးထောင်တန်ဖိုးရှိသော သုတ ရသ၊ ဂျာနယ်နှင့် မဂ္ဂဇင်းစုံအုပ်ရေ ၃၀၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက သုတရသ၊ ဂျာနယ်များလှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးမောင်ဇော်က လက်ခံယူသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းနှင်းနှင့် ရပ်မိရပ်ဖတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

သစ်ပင်စိုက်ပျိုးပွဲတော် ပေါက်ခေါင်း၌ ကျင်းပ

ပေါက်ခေါင်း ဇူလိုင် ၆

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်တွင် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၂၆ရက် နံနက်က ဓမ္မသော်ကျေးရွာအုပ်စု ချောင်းခွကြီး၌ ကျင်းပသည်။

သစ်ပင်စိုက်

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်တွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်လတ်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သိန်းဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ် သစ်တောဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာပြည်သူများ စုစုပေါင်း ၄၀၀ခန့်တို့က သတ်မှတ်ထားသော နေရာအသီးသီး၌ သစ်ပင်စိုက်ပျိုးကြသည်။

စုပေါင်းစိုက်ပျိုး

သစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်း၊ ယူကလစ်၊ ယမနေ၊ ပိတောက်၊ တမာ၊ ပျဉ်းကတိုး၊ မဲဇလီ၊ တရုတ်တည်နှင့် စိန်ပန်း စုစုပေါင်းအပင် ၁၃၅၀ကျော်တို့ကို စုပေါင်းစိုက်ပျိုးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မတ္တရာမြို့နယ် စည်ပင်သာယာအဖွဲ့ပိုင် ဘုရင့်နောင်ခန်းမမြင့်မိုရ်နံရံ၌ ဘုရင့်နောင်ခန်းမ စာလုံးဆိုင်းဘုတ်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇွန်၂၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့်အငယ်တန်း အင်ဂျင်နီယာ-၂ မြို့ပြ ဦးခင်မောင်အေးတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများ ညောင်ဦးခရိုင်၌ ပေးအပ်လှူဒါန်း

ညောင်ဦး ဇူလိုင် ၁၀

ညောင်ဦးခရိုင်တွင် တိုင်းရင်းဆေးပညာဦးစီးဌာန၏ အရေးပေါ်သုံး မြန်မာတိုင်းရင်းဆေးသေတ္တာ ဖြန့်ဝေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၈ရက် နံနက်က ညောင်ဦးမြို့နယ် အနော်ရထာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရန်လင်းအောင်က အမှာစကားပြောကြားပြီး ကျောက်ပန်းတောင်းမြို့ အခြေစိုက် ခရိုင် တိုင်းရင်းဆေးကုဌာန ခရိုင်တိုင်းရင်းဆေးမှူး ဦးထွေးမောင်က တိုင်းရင်းဆေးသေတ္တာများ ပေးအပ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရန်လင်းအောင်(ဝဲပုံ)၊ ခရိုင်အတွင်းရေးမှူး ဦးသိန်းအောင်၊ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသူရထွန်းလင်း၊ ခရိုင်တိုင်းရင်းဆေးမှူး ဦးထွေးမောင်နှင့် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ခင်ဌေးဝင်းတို့က အရေးပေါ်သုံး မြန်မာ တိုင်းရင်းဆေးသေတ္တာများကို သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တာဝန်ရှိသူများထံ ပေးအပ်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

တာရိုးတည်ဆောက်

ထီးချိုင့်မြို့ အမှတ်(၃)ရပ်ကွက် သရက်မော် ကမ်းနားရေတိုက်စားမှုကာကွယ်ရေးအတွက် ကျောက်စီတာရိုး တည်ဆောက်နေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ညွန့်နှင့် အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်တို့ ကွင်းဆင်း ကြီးကြပ်ရာ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးတင်မြင့် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ယင်းမာပင်ဆေးရုံသို့ မြွေဆိပ်ဖြေဆေးလှူဒါန်း

ယင်းမာပင် ဇူလိုင် ၅

မန္တလေးမြို့နေ ဦးအောင်မျိုးထက် (မိုဘိုင်းလ်ဖုန်းရောင်းဝယ်ရေး) မိသားစုက မုံရွာခရိုင် ယင်းမာပင်မြို့နယ် ပြည်သူ့ဆေးရုံအတွက် မြွေဆိပ်ဖြေဆေး ၂၅လုံး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို အဆိုပါဆေးရုံအစည်းအဝေးခန်းမ၌ ဇွန်၁၉ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတင့်ဆွေနှင့် မြို့နယ်ဆေးရုံကြီးကြပ်မှုကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့် ဆေးရုံဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ အလှူရှင်ကိုယ်စား ဦးစိန်ထွန်းက မြွေဆိပ်ဖြေဆေး လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး မြွေဆိပ်ဖြေဆေး၂၅လုံးကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးသို့ ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်း ထွေထွေ

ပန်းအလှပင်များ စိုက်ပျိုး

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် ဗိုလ်ချုပ်လမ်းမကြီးပေါ်ရှိ နာရီစင်ပန်းခြံအတွင်း ဝန်ထမ်းများ ပေါင်းမြက်ရှင်းလင်းခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကတ္တရာခင်း

ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ဇွန် ၁၅ရက်က နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အရှည်ပေ၁၇၀၀၊ အကျယ် ၁၂ပေရှိ မိုင်းပွန်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်း ရှင်းလင်းတင်ပြစဉ်။

(၁၂၃)

မော်လမြိုင် သံလွင်ဈေးရှိ ငါး၊ပုစွန် ရောင်းဝယ်ရေးဒိုင်များစစ်ဆေး

မော်လမြိုင် ဇူလိုင် ၈

မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးမြင့်နှင့် မော်လမြိုင်ခရိုင်ဦးစီးမှူးဦးအေးလွင်တို့သည် သံလွင်ဈေးရှိ ငါး၊ ပုစွန် ရောင်းဝယ်ရေးဒိုင်များကို ဇူလိုင် ၂ရက်က ကွင်းဆင်းစစ်ဆေးသည်။

စစ်ဆေးမှာကြား

ထိုသို့ စစ်ဆေးရာတွင် ငါး၊ ပုစွန်များရောင်းချသည့် နည်းစနစ် မှန်ကန်မှုရှိစေရေး၊ ကြာရှည်ခံရန်နှင့် အရောင်အဆင်းလှပရေးအတွက် ဓာတုဆေးဝါးများ သုံးစွဲခြင်းမပြုစေရေး၊ သတ်မှတ်အရွယ်ထက် သေးငယ်သော ရေထွက်ပစ္စည်းများ ရောင်းဝယ်ခြင်း မပြုရေးနှင့် တရားမဝင် ဝင်ရောက်လာသည့် ရေထွက်ပစ္စည်းများ ရောင်းဝယ်ခြင်း မပြုစေရေးတို့ကို စစ်ဆေးမှာကြားသည်။ **(ငါးလုပ်ငန်းဦးစီးဌာန)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့သဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအဖွဲ့ရုံး ကျုံးနန်ဟိုင်ဧည့်ဂေဟာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် မစ္စတာ လီခချန်နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာလီခချန်နှင့် တွေ့ဆုံဆွေးနွေး

စွမ်းအင်၊ လျှပ်စစ်နှင့် စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အမြင်ချင်းဖလှယ်

နေပြည်တော် ဇူလိုင် ၁၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ဇူလိုင် ၆ရက် ညနေ ၄နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအဖွဲ့ရုံး ကျုံးနန်ဟိုင်ဧည့်ဂေဟာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် မစ္စတာလီခချန်နှင့် တွေ့ဆုံဆွေးနွေးသည်။

စာမျက်နှာ ၃ ကော်လံ ၃ ❍

13-7 (20).pmd 1 7/13/2010, 2:01 AM